ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃ရက် ခုနှစ် ၊ တော်သလင်းလပြည့် ၊ စနေနေ့ ၊ (6-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၂၉)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

Beidahaung Smart Agriculture Exhibition Center နှင့် Heilongjiang Huida Technology Co., Ltd တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့တွင် အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် စာမျက်နှာ ၁၆ ကော်လံ ၁ ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Heilongjiang Huida Technology Co.,Ltd အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

ဆယ့်နှစ်လရာသီများအနက် တော်သလင်းလသည် ဆဋ္ဌမမြောက်လဖြစ်သည်။ တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ဖြစ်ပြီး ဂရုဓမ္မတရားတော်ဖြစ်သော အလေးအမြတ်ထားသင့်သည့် တရားကိုလိုက်နာကျင့်ကြံကြသောကြောင့် ဂရုဓမ္မနေ့ သို့မဟုတ် ကုရုတိုင်းသူပြည်သားတို့ စောင့်ထိန်းသော တရားတော်ဖြစ်သောကြောင့် ကုရုဓမ္မနေ့ဟုလည်းခေါ်ဆိုကြသည်။

တော်သလင်းလသည် မိုးနှောင်းကာလဖြစ်သောကြောင့် တစ်ခါတစ်ရံ မိုးများသည်းထန်စွာ ရွာသွန်းတတ်သဖြင့် " တော်သလင်းမိုး၊ ကန်သင်းကျိုး" ဟု ဆိုခဲ့ခြင်းဖြစ်သည်။ တော်သလင်းလအချိန်တွင် မြစ်ရေပြင်၌ ရေစီးရေလာကောင်းသောကြောင့် အထက်အညာမှ သစ်ဖောင်ဝါးဖောင်များကို အောက်အရပ်သို့ စုန်ဆင်းမျှောချသော လဖြစ်သောကြောင့် သစ်ဆင်းလဟုလည်း သတ်မှတ်သည်။ တော်သလင်းလတွင် မြစ်ချောင်းတို့၌ လှိုင်းလေကင်းရှင်းပြီး ရေပြင်သည် သင်ဖြူးဖျာခင်းထားသကဲ့သို့ ပြေပြစ်ငြိမ်သက်စွာ ရှိတက်သောကြောင့် "တော်သလင်းမြစ်တွင်း သင်ဖြူးခင်း" ဟုဆိုကာ လှေပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။ ထို့ပြင် ကောက်စိုက်ချိန်ကာလအတွင်း ပင်ပန်းခဲ့ကြသည့် တောင်သူများ၊ ကောက်စိုက်သမများ အလုပ်ပြီးမြောက်၍ မြူးထူးပျော်ပါးအနားယူသည့်အချိန်ဖြစ်သည်။

တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ဖြစ်ပေါ်လာပုံသည် ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဘုရားအလောင်းတော် ဓနञ္ဇယကောရဗျမင်းကြီး၊ မယ်တော်ကြီး၊ မိဖုရားကြီး၊ ညီတော် အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းတောင်းခြင်တွယ်အမတ်၊ တံခါးစောင့်၊ ပြည့်တန်ဆာမတို့သည် ဂရုဓမ္မငါးပါးသီလကို လုံခြုံမြဲမြံအောင်စောင့်ထိန်းခဲ့ကြပြီး ဘုရင်ကြီးသည်လည်း မင်းကျင့်တရား ၁၀ ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်သောကြောင့် ဆန်ရေစပါးပေါများကြွယ်ဝ၍ တိုင်းပြည်သည် အေးချမ်းသာယာနေခဲ့သည်။ ကလင်္ဂမင်းအုပ်စိုးသော အိမ်နီးချင်းနိုင်ငံ၊ ကာသီတိုင်း၊ ဒန္တပူရတိုင်းပြည်တွင် ငါးပါးသီလမမြဲသောကြောင့် ဆင်းရဲငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ခံနေကြရသည်။ ကလင်္ဂမင်းကြီးက မှူးမတ်များကို ကုရုတိုင်းသို့စေလွှတ်၍ တိုင်းသူပြည်သားများ မည်သို့နေထိုင်ပြုမူကြသည်ကို စစ်တမ်းကောက်ယူစေသည်။ မင်းကြီးအပါအဝင် ၁၁ ဦးသော ပုဂ္ဂိုလ်များထံက ငါးပါးသီလကို ရွှေပေလွှာထက်တွင် ကူးယူမှတ်သား၊ ဆောင်ယူလာခဲ့ကြသည်။ ထို့နောက် ကလင်္ဂမင်းကြီးအပါအဝင် တိုင်းသူပြည်သားတို့သည် ငါးပါးသီလစောင့်ထိန်းရာ တိုင်းပြည်သည်သာယာဝပြော၍ ကပ်ဘေးအန္တရာယ်လည်း ကင်းလွတ်လေသည်။ ဂရုဓမ္မမြတ်သီလဟုခေါ်သော ငါးပါးသီလအကျင့်မြတ်ကို ဘုရားလောင်းကောရဗျမင်းမှ ရွှေပေလွှာ ဖြင့်ရေးသား၍ပေးလိုက်သော တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မနေ့ သို့မဟုတ် ကုရုတိုင်းကို ကိုယ်စားပြု၍ ကုရုဓမ္မနေ့ဟုခေါ်ဆိုကြပြီး ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ကာ ကြည်ညိုပူဇော်နေကြခြင်းဖြစ်သည်။

ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တိုင်းစောင့်ထိန်းရမည့် မြတ်သောအကျင့်ပင်ဖြစ်သည်။ သရဏဂုံတည်ပါက လူတစ်ခြမ်းဖြစ်ပြီး ငါးပါးသီလလုံပါက လူတစ်ခြမ်းဖြစ်သောကြောင့် ငါးပါးသီလသည် နေ့စဉ်စောင့်ထိန်းအပ်သောတရားပင်ဖြစ်သည်။ လူသားတိုင်း ကိုယ်ကျင့်တရားကောင်းမွန်ပါလျှင် လူ့ဘောင်လောကတစ်ခုလုံးအေးချမ်းခြင်းကို ပိုင်ဆိုင်ရမည်ဖြစ်သည်။ ကိုယ်ကျင့်တရားသည် ကိုယ်ချင်းစာတရားအပေါ်တွင်လည်း အခြေခံသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ကိုယ်ကျင့်တရားကောင်းမွန်မှသာလျှင် လောဘ၊ ဒေါသ၊ မောဟနည်းပါး၍ အေးချမ်းခြင်းကို ခံစားရမည်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ရန် ဗုဒ္ဓဘာသာလူမျိုးများသည် သာသနာ့အခြေခံသီလရှိရန်လိုအပ်သည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များသည် အခြေခံငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်နိုင်လျှင် လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို အလိုလိုကာကွယ်ထားနိုင်မည်ဖြစ်သည်။ မိမိတို့စောင့်ထိန်းနိုင်သော ကိုယ်ကျင့်တရားကို အသီးသီးစောင့်ထိန်းနိုင်ကြလျှင် မိမိတို့ပတ်ဝန်းကျင်တွင်သာမက လူ့ဘောင်လူ့လောက တစ်ခုလုံးငြိမ်းချမ်းသာယာမည်ဖြစ်သည်။ တော်သလင်းလမြတ်အခါသမယမှစ၍ မြန်မာပြည်သူပြည်သားဗုဒ္ဓဘာသာဝင်များအနေဖြင့် အခြေခံကျသော ငါးပါးသီလကိုခါးဝတ်ပုဆိုးကဲ့သို့မြဲမြံစွာ ကျင့်ကြံစောင့်ထိန်းနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

မန္တလေး စက်တင်ဘာ ၅

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံ အသက်(၂၅) နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက်က အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားဆပ်ကော်မတီ နာယက၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်၂၀၂၅ ခုနှစ်အောက်တိုဘာလတွင် ကျင်းပသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် (၂၅) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းအောင်မြင်မှုရရှိစေရန်နှင့် ထူးချွန်ထက်မြက်သော တိုင်းဒေသကြီးလက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပ ပေးခြင်းဖြစ်ကြောင်း၊ အမျိုးသမီး အားကစားတွင်သာမက အမျိုးသမီးကဏ္ဍများတွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ အမျိုးသမီးထုကြီးခိုင်မှုဖြင့် ကမ္ဘာ့အဆင့်မီ တက်လှမ်းမည်ဆိုသည့် ဆောင်ပုဒ်နှင့် အညီ ဘောလုံးအားကစားနည်းတွင်သာမက အခြားအားကစားနည်းများတွင်လည်း တိုင်းအဆင့်မှ နိုင်ငံဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင်ကြိုးစားနေကြရမည် ဖြစ်ကြောင်း ပြောကြား၍ ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် (၂၅) နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ဂင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြား၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး အခမ်းအနားအစီအစဉ်တိုင်း ဆက်လက်ကျင်းပခဲ့၍ ရမည်းသင်းခရိုင်အသင်းနှင့် မဟာအောင်မြေခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း အုန်းသီးနုအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း အုန်းသီးနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း အုန်းသီးနုအလုံးရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်း အုန်းသီးနုအလုံးရေ ၇၇၀၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့သြဂုတ်လထဲမှာ အုန်းသီးနုတွေ ဝယ်ယူအားကောင်းခဲ့ပါတယ်။ သြဂုတ်လထဲမှာ အုန်းသီးနုအလုံးရေ ၇၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၁၉၅ ဧက စိုက်ပျိုးမည်

ကလေး စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၁၉၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၉၇၉ ဧက၊ကလေးဝမြို့နယ်တွင် ဧက၂၆၀ နှင့်မင်းကင်းမြို့နယ်တွင် ၁၉၅၆ ဧက စုစုပေါင်း ၁၁၁၉၅ ဧကတို့ဖြစ်ကြောင်း၊ အဆိုပါပဲပုပ် စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲပုပ် ၁၁၁၉၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ပဲပုပ်ကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ဆရာတော်၊ သံဃာတော်၊ သီလရှင်များ၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ဆေးဝါးများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

မန္တလေး စက်တင်ဘာ ၅

ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု အဖြစ် မြန်မာနိုင်ငံသက်ကြီးရွယ်အို ဆေးကု ပညာရှင်များအသင်း၊ မန္တလေး သက်ကြီးရွယ်အိုစောင့် ရှောက်မှုဆေးပညာဌာန၊ မန္တလေး ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်း၍ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များ၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ဆေးဝါးများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ချမ်းအေးသာစံ မြို့နယ်ရှိ မန္တလေးပြည်သူ့ ဆေးရုံကြီး၊ မန်းတောင်ရိပ်(၉)ထပ် ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းတောင်ရိုး သီရိဓမ္မကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဓမ္မ အမှူးပြု၍ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များ၊ ဘိုးဘွားများ တက်ရောက်ချီးမြှင့်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေး ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာ၊ ဆရာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ၍ဖွင့်လှစ်ပြီး စစ်ကိုင်းမြို့နယ် မြို့နယ်သံဃနာယက၊ မင်းကွန်းတောင်ရိုး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု သာသနာပြုအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒသာသဘထံက ငါးပါး သီလခံယူဆောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အကြို အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆွမ်း၊ သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သြဝါဒများခံယူခဲ့ကြကြောင်း သိရသည်။

ဆက်လက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေး ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများ၊ သံဃာတော်များထံ သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြ၍ တရားတော်နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းများ ပေးဝေကြသည်။

ထို့နောက် ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များနှင့် ဘိုးဘွားများကို မန္တလေး ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြု ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှု ကြည်ညိုခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၀၁၀၀ စိုက်ပျိုးမည်

ရွှေဘို စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၀၁၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၂၂၈၇ ဧက၊ ခင်ဦးမြို့နယ်တွင်ဧက ၂၉၈၀၊ ဝက်လက်မြို့နယ်တွင် ၄၅၀၃ ဧက၊ ကျောက်မြောင်း မြို့နယ်ခွဲတွင် ဧက ၃၃၀ စုစုပေါင်း ဧက ၁၀၁၀၀ ဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၁၀၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ကြက်သွန်နီ ဧက ၁၀၁၀၀ ကို လာမဲ့ အောက်တိုဘာလ ပထမပတ်ကစပြီးတော့ စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်နီစိုက်တောင်သူများကို အထွက်နှုန်းကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်စိုက် တောင်သူများ အနေဖြင့် ကြက်သွန်နီ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျစရိတ်ရှိပြီး တစ်ဧကလျှင် ပိသာ ၅၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဗျာပုံ စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧူလိုင်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"သြဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဗျာပုံမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ဗျာပုံမြို့နယ်က ထွက်ရှိတဲ့ ဒေသထွက် ဧည့်မထဆန်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေပါ တင်ပို့ရောင်းချနေပါတယ်"ဟု ဗျာပုံ မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဧည့်မထဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင့ှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေနေကြောင်း ဗျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ကောင်းကျိုးစီးပွားလွန်များပြား ဂရုဓမ္မမြတ်တရား

မန္တလာကိုကိုဝင်း

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်သည်။ တစ်ဆယ့်နှစ်လ ရာသီပတ်လုံးအလှူအတန်းများ၊ ဘာသာရေးအခမ်း အနားများဖြင့် အလွန်ပင်ချမ်းမြေ့ဖွယ်ကောင်းလှ သည်။ မိသားစုတစ်စုချင်းအလိုက် အလှူဒါနပြုခြင်း၊ စုပေါင်း၍ အလှူဒါနပြုခြင်းစသည်များမှ နိုင်ငံ တော်အဆင့်အလှူဒါနပြုခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လေ့ရှိကြသည်။ ဒါန၊ သီလဘာဝနာတို့၌ မွေ့လျော်စွာပြုမူဆောင်ရွက်ကြသည်။ ထိုသို့ ဆောင် ရွက်ကြသည့် ဘာသာရေးအခမ်းအနားတိုင်းတွင် ဆရာတော်သံဃာတော်များထံ ပစ္စည်းလေးပါးဖြင့် လှူဒါန်းကြရာတွင် ပထမဆုံးပြုမူဆောင်ရွက်ကြ သည်မှာငါးပါးသီလခံယူဆောက်တည်ခြင်းဖြစ်သည်။

မိဘတို့သည် သားသမီးများ မွေးဖွားမှ သိနား လည်သည့်အချိန်ကာလသို့ရောက်လျှင် ဘုရား၊ တရား၊ သံဃာတို့ကို ရှိခိုးပူဇော်ရန်သင်ကြားပေးရင်း ငါးပါးသီလကိုလည်း နှုတ်တိုက်သင်ပေးကြသည်။ ငါးပါးသီလစောင့်ထိန်းခြင်းသည် လူသားအားလုံး လုပ်ဆောင်သင့်သည့် ကိစ္စရပ်ဖြစ်သည်။ ဗုဒ္ဓဘာသာ ဝင်သူတော်စင်များသာမက အခြားသောလူသားတို့ သည်လည်း ငါးပါးသီလကို စောင့်ထိန်းလိုက်နာသင့် ကြသည်။

ငါးပါးသီလဆိုသည်မှာ နေ့စဉ်ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းကြရမည်ဖြစ်သော်လည်း ငါးပါး သီလနှင့်ပတ်သက်၍ ပိုမိုလေးနက်စေရန်အတွက် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်အဖြစ် သတ်မှတ်ကြသည်။ ဆိုလိုသည်မှာ တော်သလင်း လပြည့်နေ့တစ်ရက်တည်းသာ စောင့်ထိန်းရမည့် သီလမျိုးမဟုတ်ဘဲ နေ့စဉ်နေ့တိုင်းစောင့်ထိန်းရမည့် သီလဖြစ်သည်ကို ပြောလိုရင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် တို့က ကံ ကံ၏ အကျိုးသက်ဝင်ယုံကြည်ကြသည်။ ကံ ကံ၏အကျိုးဆိုသည်မှာလည်း လူသားအားလုံး နှင့်သက်ဆိုင်သည်။

ကုသိုလ်၊ အကုသိုလ်ဆိုသည်မှာ လူတစ်ဦးအနေ ဖြင့် မှန်တွင်ကြည့်သည့်အခါ မိမိရုပ်သွင်ကို အမှန် အတိုင်းမြင်တွေ့ရသကဲ့သို့ ကုသိုလ်ကောင်းမှုပြုသူ အတွက် ကောင်းကျိုးပေးမည်၊ အကုသိုလ်မကောင်းမှု ပြုသူအတွက် မကောင်းကျိုးပေးမည်သာဖြစ်သည်။ မိမိကသူတစ်ပါးအသက်ကို သတ်မည်ဆိုလျှင် သူတစ် ပါးကလည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ မိမိအသက် ကို ပြန်သတ်သွားမည်ဖြစ်သည်။ မိမိအသက်ကို အသတ်မခံချင်လျှင် သူတစ်ပါးအသက်ကိုလည်း မသတ်ဘဲ နေကြရန်ဖြစ်သည်။ မိမိပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာကို သူတစ်ပါးက ခိုးယူတာမျိုးမကြိုက်လျှင် သူတစ်ပါးပစ္စည်းကို အပ်တိုတစ်ချောင်းမျှပင် မယူဘဲနေရန်ဖြစ်သည်။

မိမိ၏ဇနီးမယား၊ လင်သားအားသူတစ်ပါးနှင့် ဖောက်ပြန်သည်ကို မကြိုက်လျှင် မိမိကလည်း သူတစ်ပါးသားမယား၊ လင်သားတို့နှင့်ပတ်သက်၍ အလွန်ပင်ရှုံ့ရှာဖွယ်ကောင်းသည့် အတွေးအမြင်ဖြင့် ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ သူတစ်ပါးအကျိုး ယုတ်စေရန်၊ ပျက်စီးစေရန် လိမ်လည်လှည့်ဖြားခြင်း မျိုးမှာကောင်းသော လုပ်ရပ်မဟုတ်ပေ။ ယနေ့ ကာလတွင် အများဆုံးတွေ့မြင်ရသည်မှာ လိမ်လည်မှု များဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုမှသည် အချင်း ချင်းယုံကြည်အောင်ပြောဆို၍ လိမ်လည်မှုများ များပြားလာနေသည်။ လိမ်သူကရလျှင် ဝမ်းသာ နေမည်၊ အလိမ်ခံရသူက စိတ်သောကဖြစ်မည်။ ထိုသို့ ဆိုပါလျှင် မိမိကလည်း သူတစ်ပါးကို လိမ်ညာ ပြောဆိုခြင်းမပြုမိရန် ရှောင်ရမည်ဖြစ်သည်။ ရယ်ရွှင် ဖွယ်ဟာသစကားအနေဖြင့် လိမ်ညာပြောဆိုမှုမပြု သင့်ကြောင်း တရားတော်များတွင် ဖော်ပြထားသည်။

အထက်ပါ အချက်လေးချက်ကို အသိ၊ သတိဖြင့် လိုက်နာကျင့်ကြံ စောင့်ထိန်းကြရမည်ဖြစ်သည်။ စဉ်းစားတွေးခေါ်မှု၊ ဆင်ခြင်တုံတရားရှိမှုတို့ဖြင့် လိုက်နာစောင့်ထိန်းသော်လည်း ဆင်ခြင်တုံတရား ကင်းမဲ့သည့်အခါ လိုက်နာကျင့်ကြံရန်ပျက်ကွက်ကြ သည်။ ထိုသို့ပျက်ကွက်သည်မှာ သေရည်၊ သေရက် ဟူသော အကြောင်းကြောင့်ဖြစ်သည်။ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော အရက်၊ ဆေးဝါးတို့သည် လူသားတို့ကို လုံးဝကောင်းကျိုးမပြုသည့်အရာများ ဖြစ်သည်။ ထို့ကြောင့် လူသားတို့ကောင်းကျိုးကို ရည်ရွယ်လျက် အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ခိုင်းခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် မူးယစ်ဆေးဝါးအန္တယ်ဝင် စိတ်ကြွရူးသွပ်ဆေးများ မှာလည်း လုံးဝရှောင်ကြဉ်ရမည့် အရာများဖြစ်သည်။ မူးယစ်စေတတ်သော ဆေးများသုံးစွဲ၍ ကြီးပွား တိုးတက်သွားသည်ဟူ၍ ဤလောကတွင် တစ်ဦး တစ်ယောက်မျှမရှိသေးသည်ကို ကြည့်ခြင်းအားဖြင့် ငါးပါးသီလ၏ နောက်ဆုံးသီလအရေးပါပုံကို သိရှိ နိုင်ပေသည်။

ဤလောကတွင် ချမ်းသာသူနှင့်ဆင်းရဲနေသူ၊ အသိပညာရှိသူနှင့် အသိပညာမရှိသူတို့မည်၍ မည်မျှ ရှိသည်ကို လေ့လာကြည့်ပါက ဆင်းရဲနေသူနှင့် အသိပညာမဲ့သူက ပိုမိုများပြားလှသည်။ ကိုယ်ကျင့် တရားကောင်းမွန်စွာဖြင့် ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းသူသည် ချမ်းသာသူဖြစ်သည်။ ချမ်းသာ ခြင်းဆိုသည်မှာ ငွေကြေးတစ်ခုတည်းကိုသာ ဆိုလို ခြင်းမဟုတ်ဘဲ စိတ်၏ချမ်းသာခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ လူတိုင်းကဘဝကို ဖြတ်သန်းကြရာတွင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် ဖြတ်သန်း လိုကြသည်။ ဤသို့ဖြတ်သန်းနိုင်ရန်မှာ ငါးပါးသီလ ကိုခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းလိုက်နာ ကျင့်ကြံခြင်းဖြစ်သည်။ သိလျက်နှင့်သတိမမူမိသူများ အတွက် သိစေချင်သည်။

အများနားလည်လွယ်စေရန်အတွက် ပါဠိကို မဖော်ပြတော့ဘဲ ဆရာတော်မာဂဓီ (သာစည်) ၏ လွယ်ကူရှင်းလင်းသော ငါးပါးသီလအဓိဋ္ဌာန်ကို ဖော်ပြမည်။ "သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင် ကြဉ်မည်။ သူ့ဥစ္စာလဲ၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။ ကာမဂုဏ်လဲ၊ မမှားဘဲ၊ အမြဲရှောင်ကြဉ်မည်။ လိမ်ညာ၍လဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။ သေအရက်လဲ၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။ မူးယစ်ဆေးလဲ၊ မသုံးစွဲ၊ အမြဲရှောင်ကြဉ်မည် " ငါးပါးသီလလုံခြုံစွာ စောင့်ထိန်းကြမည်ဆိုလျှင် မိမိတို့တစ်ဦးချင်းဘဝ၊ မိသားစုဘဝများ စီးပွားဥစ္စာ တိုးတက်မည်။ တစ်နိုင်ငံလုံး စောင့်ထိန်းနိုင်မည် ဆိုလျှင် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာ၍ ဒုစရိုက်မှုပြုသူရှိမည်မဟုတ်တော့ပါ။

ယနေ့ခေတ်လူငယ်၊လူရွယ်တချို့ကျူးလွန်သော ပြစ်မှုများတွင် အများဆုံးမှာ ငါးပါးသီလဖောက်ဖျက် မှုများဖြစ်သည်ကို စိတ်မကောင်းဖွယ်သိမြင်ရသည်။ သူတစ်ပါးပစ္စည်းကိုလိုချင်၍ လူသတ်မှုကျူးလွန် သည်။ မိန်းကလေးများကို အဓမ္မပြုကျင့်၍ လာဘ်တိတ်ရှားပါးခြင်း၊ ချမ်းသာမရှိခြင်း၊ မိန်းမ ဖြစ်ရခြင်း၊ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်ဖြစ်ရခြင်း၊ မျက်နှာပျက်အရှက်ကွဲရခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ သေးသိမ်ခြင်း၊ စိုးရိမ်ကြောင့်ကြအားကြီးခြင်း၊ ချစ်သူနှင့်ကွေကွင်းရခြင်း၊ အိမ်ထောင်မမြဲခြင်း စသည့်အပြစ်များကို ခံစားရသည်။

မဟုတ်မမှန်ပြောဆိုမှုသည် တစ်ဖက်သား အကျိုးပျက်စီးမှုကြီးလျှင် ကြီးသလောက်အပြစ် ကြီးသည်။ သေသည့်အခါငရဲ၌ ကျပြီးလူဖြစ်လာလျှင် စကားမပီခြင်း၊ သွားမည်ညွတ်ခြင်း၊ ခံတွင်းပုပ်ညီ ခြင်း၊ အသားအရေမွဲခြောက်ခြင်း၊ မျက်စိနားမကြည် လင်ခြင်း၊ ရုပ်အဆင်းချို့တဲ့ခြင်း၊ သြဇာအာဏာမ တည်ခြင်း၊ နှုတ်လျှာပြောဆိုမှု ကြမ်းတမ်းခြင်း၊ စိတ်မတည် လျှပ်ပေါ်လော်လည်တတ်ခြင်းစသည့် များပြားသော ဆိုးကျိုးများကို ခံစားရသည်။

သေရည်အရက်စသော မူးယစ်ဆေးဝါးအားလုံး သည် တစ်ခါသောက်သုံးမိလျှင် ထပ်ခါထပ်ခါသောင် ချင်သုံးစွဲချင်သည်။ သောက်သုံးမှုအားကြီးလာသော အခါ အချင်းချင်းကိုဖြစ်စေ၊ အခြားသူကိုဖြစ်စေ၊ ရိုက်မှုသတ်မှု၊ ခိုးမှု၊ လိမ်ညာမှု၊ သူ့သားအိမ်ရာပြစ် မှားမှုစသည်တို့ကို ဆက်လက်ကျူးလွန်ကြသည်။ ဤဘဝတွင် ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးရ သည်။ ဖြစ်လေရာဘဝတိုင်းတွင် အရေးအခွင့် သင့်မသင့် ကိုမသိတတ်ခြင်း၊ ပျင်းရိတတ်ခြင်း၊ မေ့လျော့မူးဝေတတ်ခြင်း၊ သူ့ကျေးဇူးကိုမသိခြင်း၊ အရှက်အကြောက်ကင်းခြင်း၊ ရူးသွပ်တတ်ခြင်း၊ မကောင်းမှုအားလုံးကို ကျူးလွန်လွယ်ခြင်းစသော အပြစ်ကို ခံစားရသည်။ ငါးပါးသီလနှင့်ပတ်သက်၍ ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံစွာ စောင့်ထိန်းကြမည်ဆိုပါ က အဆိုပါအပြစ်များနှင့် ဆန့်ကျင်လျက်ကောင်း ကျိုးများစွာ ရရှိမည်ဖြစ်သည်။

နှစ်စဉ်တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါ တော်နေ့အဖြစ်သတ်မှတ်ထားသည်မှာ ဂရုဓမ္မဇာတ် တော်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ဆက်စပ်၍ ကျင်းပရခြင်းဖြစ်သည်။ ဂရုဓမ္မဇာတ်တော်သည် မိုးတွင်းကာလတွင် ပေါ်ပေါက်လာသော ဇာတ်တော် ဖြစ်သည်။ ငါးပါးသီလနှင့်ဆိုင်သော သာရဇ္ဇသုတ်၊ ဝိသာရဒသုတ်၊ နိရယသုတ်နှင့် ဝေရသုတ်များကို ရွတ်ဖတ်သင့်သည်။ လူတိုင်းသည်မွေးဖွားသည်မှ သေဆုံးသည်ထိ လူမှုစီးပွားဘဝများကို ရုန်းကန်လှုပ် ရှားနေကြရသည်ဖြစ်ပေရာ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းခြင်းဖြင့် မိမိတို့ဘဝကို အကောင်းမွန်ဆုံး ရှင်သန်ကြရမည်ဖြစ်သည်။

ငါးပါးသီလဟုခေါ်သော ဂရုဓမ္မကို စောင့်ထိန်း မည်ဆိုပါက တိုင်းပြည်အနေဖြင့် ရာသီဥတု ကောင်းမွန်ပြီး အေးချမ်းသာယာ စည်ပင်ဝ ပြောသည်။ မကောင်းသော ဘေးရန်ဟူသမျှ ကင်းစင်သည်။ မိမိတို့ တစ်ဦးချင်းအနေဖြင့် လည်း အထက်ပါဖော်ပြထားသည့်အတိုင်း ဆိုးကျိုး များ၏ ဆန့်ကျင်ဖက် ကောင်းကျိုးချမ်းသာများ ပြည့်စုံမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့တွင် နိုင်ငံသူ၊ နိုင်ငံသားအပေါင်း၊ ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းတို့က ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံစွာ စောင့်ထိန်းကြခြင်းဖြင့် ကောင်းကျိုးစီးပွားများပြားပါစေကြောင်း ရေးသား လိုက်ပါသည်။

ကိုးကား

၁။ ဆယ်စောင်တွဲမြန်မာပြန် (မာဂဓီ-သာစည်)

၂။ ဗုဒ္ဓဘာသာတရားတော်(အခြေခံ)

❖ ငါးပါးသီလဆိုသည်မှာ နေ့စဉ်ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းကြရမည်ဖြစ်သော်လည်း ငါးပါးသီလနှင့်ပတ်သက်၍ ပိုမိုလေးနက်စေရန်အတွက် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်အဖြစ် သတ်မှတ်ကြသည်။ ဆိုလိုသည်မှာ တော်သလင်း လပြည့်နေ့တစ်ရက်တည်းသာ စောင့်ထိန်းရမည့် သီလမျိုးမဟုတ်ဘဲ နေ့စဉ်နေ့တိုင်းစောင့်ထိန်းရမည့် သီလဖြစ်သည်ကို ပြောလိုရင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့က ကံ ကံ၏ အကျိုးသက်ဝင်ယုံကြည်ကြသည်။ ကံ ကံ၏အကျိုးဆိုသည်မှာလည်း လူသားအားလုံး နှင့်သက်ဆိုင်သည်။ ❖

လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်

လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှားသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မြောင်းမြ စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထား၁၆၅၇၃၇ ဧကကို ယခုနှစ်ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စပါးလျာထား၁၆၅၇၃၇ ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

" မိုးသီးနှံ စိုက်ပျိုးရာသီမှာ စပါး ၁၆၅၇၃၇ ဧကလျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့နည်းပညာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကို အဆက်မပြတ် ဆောင်ရွက်လုပ်ဆောင်ပေးနေပါတယ်။ ဒီလို တတ်ညီလက်ညီ ဆောင်ရွက်ခဲ့လို့ လျာထားဧကပြည့်မီတဲ့ထိ စိုက်ပျိုးနိုင်ခဲ့တာ ဖြစ်ပါတယ် '' ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပေါ်ဆန်းမွေး၊ GW-1 ဆင်းသုခ၊ မနောသုခ၊ မင်းဧရာ၊ Gw-11 ဧရာပဒေသာ၊ ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသမြေအနေအထား ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်း ညီမျှကြောင်း သိရသည်။

စပါးကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်း မွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

မိုးနဲမြို့နယ် ကုန်းလုံကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မိုးနဲ စက်တင်ဘာ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကုန်းလုံကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကုန်းလုံကျေးရွာတွင် ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၃၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၄၀ စုစုပေါင်း ငွေကျပ်သိန်း ၁၉၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် သြဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက အဆိုပါ ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

လမြတ်တော်သလင်း

- ကန်ရာသီ တော်သလင်း
  မြစ်ပြင်အတွင်း ရေဘောင်ဘင်၊
  ရှေးအခါ "သစ်ဆင်း" လဟု
  ခေါ်ကြအမည်တွင်၊
  ရှစ်ခွင်တိုင်း မိုးရိပ်ဆင်
  ရွာသွန်းကာပင် မိုးလေအေး၊
  မြစ်ကမ်းလွင်ပြင် ငွေရောင်တင့်လို့
  ကိုင်းပွင့်ဖြူဖွေး။။

- ပန်းရောင်စုံ လေပြည်သွေးတော့
  မွှေးမြမြ သင်းပျံကာ၊
  ရွှေရင်းမာ ပင်ယံအမြင့်
  ဖူးပွင့်လို့ဖြာ၊
  အင်ကြင်းပန်းတို့ နီတျာတျာ
  ပွင့်ဖူးကာ ဝါရောင်ပန်း၊
  အင်းရေပြင် ငှက်မျိုးစုံတို့
  ဝဲလျက်ပျံသန်း။။

- မြင်ပြင်မှာ ဗေဒါပန်းတို့
  ဝေဆာလန်းဆန်း အချိန်ခါ၊
  လှေပြိုင်ပွဲတော် သဘင်ခင်းလို့
  ကျင်းပလို့သာ၊
  ရိုးရာဓလေ့ ချစ်ခင်စွာ
  မြင်ပြင်မှာ အပြိုင်ကဲ၊
  စည်းလုံးမှုကို ဖော်ကြူးသည့်
  ထူးခြားသည့်ပွဲ။။

- ပဠာသီ အမြဲမပြတ်
  ကျင့်ကြံအပ် ကုရုတိုင်းမှာ၊
  ဘေးဘယာ ဝေးကွာလို့
  အေးချမ်းသာယာ၊
  ဟောဖော်ပြ ဒေသနာ
  လူနတ်ဗြဟ္မာ ရင်ဝယ်မွေ့၊
  ဗုဒ္ဓရှင် ဂရုဓမ္မတရား
  ဟောကြားလပြည့်။။ ။

ပန်းမာလာ

နိုင်ငံတကာ သတင်းများ

ယူကရိန်းသို့ ဖြန့်ကြက်မည့် ပြည်ပတပ်များ စစ်ရေးပစ်မှတ်များဖြစ်လာမည်ဟု သမ္မတပူတင် သတိပေး

မော်စကို စက်တင်ဘာ ၅

ယူကရိန်းသို့စေလွှတ် ဖြန့်ကြက်မည့် မည်သည့်ပြည်ပတပ်ဖွဲ့မျိုးမဆို ရုရှားဒေါ်၊ တရားဝင်စစ်ရေးပစ်မှတ်များဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်ကယနေ့တွင် သတိပေးလိုက်သည်။

ယူကရိန်း နိုင်ငံအတွက် စစ်လွန်ကာလ လုံခြုံရေးအာမခံချက်အဖြစ် ယူကရိန်းသို့တပ်ဖွဲ့ဝင်များစေလွှတ်ပေးရန် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့က ကတိပြုထားကြောင်း အမေရိကန်သမ္မတကပြောကြားခဲ့ပြီးနောက် ရုရှားသမ္မတပူတင်၏သတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

သို့ရာတွင် လက်ရှိကာလကဲ့သို့ စစ်ဆင်ရေးများ ရှိနေချိန်မျိုးတွင် ယူကရိန်းသို့ ရောက်ရှိလာမည့် ပြည်ပတပ်ဖွဲ့များကို ရုရှားနိုင်ငံ အနေဖြင့် တရားဝင်စစ်ရေးပစ်မှတ်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် စီးပွားရေးဖိုရမ်တစ်ခု၌ ပြောကြားခဲ့သည်။

ရေရှည်ငြိမ်းချမ်းရေးအတွက် ဆုံးဖြတ်ချက်များရရှိပါက ယူကရိန်း၌ ပြည်ပတပ်များ နေရာယူထားခြင်းမှာ အဓိပ္ပာယ်ရှိလိမ့်မည်မဟုတ်ကြောင်း ရုရှားသမ္မတက သုံးသပ်ပြောကြားခဲ့သည်။

မြောက်အတ္တလန်တစ်စာချုပ် အဖွဲ့(နေတိုး)သို့ ယူကရိန်းဝင်ရောက်မှုကိုတားဆီးရန်၊ ယူကရိန်း၌ နေတိုးတပ်များ နေရာယူမှုကို တားဆီးရန် ယူကရိန်းပဋိပက္ခကို ဆင်နွှဲခဲ့ရခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံကရှေးယခင်ကပင် ပြောကြားထားသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ စက်တင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သော ယူကရိန်း၏မဟာမိတ်နိုင်ငံများဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့က ယူကရိန်း၏ စစ်လွန်ခေတ် လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်ဖြစ်ကြောင်း ကတိပေးထားသည်။

Ref : RT

Trs : KKO

ဂါဇာစီးတီးမြို့၏ ၄၀ ရာခိုင်နှုန်းကို စစ်ရေးအရ အစွေးရေးတပ်မတော် ထိန်းချုပ်

ဂျေရုဆလင် စက်တင်ဘာ ၅

ဂါဇာကမ်းမြောင်ဒေသ ဂါဇာစီးတီးမြို့၏ ၄၀ ရာခိုင်နှုန်းကို စစ်ရေးအရ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်က စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံသည် ဂါဇာစီးတီးမြို့ကို စစ်ရေးအရ ထိန်းချုပ်ထားနိုင်ရေးအတွက် ပြီးခဲ့သည့် သြဂုတ် ၁၀ ရက်ကပင် ထိုးစစ်များစတင်ပြုလုပ်ခဲ့သည်။

မိမိတို့အနေဖြင့် ဟားမတ်စ်အုပ်စု၏ အခြေခံအဆောက်အအုံများကို ဆက်လက်ဖျက်ဆီးနေပြီး လက်ရှိအချိန်တွင် ဂါဇာစီးတီးမြို့တစ်ခုလုံး၏ ၄၀ ရာခိုင်နှုန်းထိကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း အစ္စရေးတပ်မတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဂါဇာစီးတီးမြို့သည် ဂါဇာကမ်းမြောင်ဒေသ၏ အကြီးဆုံးမြို့ဖြစ်ပြီး ဂါဇာလူဦးရေ စုစုပေါင်း၏ ထက်ဝက်ခန့်နေထိုင်ရာ မြို့ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဂါဇာစီးတီးမြို့ကို ဟားမတ်စ်အုပ်စု၏ နောက်ဆုံးခြေကုပ်နယ်မြေအဖြစ် အစ္စရေးနိုင်ငံက သတ်မှတ်ထားသည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်များက ဂါဇာစီးတီးမြို့ကို ပြင်းထန်စွာ တိုက်ခိုက်နေဆဲဖြစ်ရာ မြို့တွင်းမှ ပါလက်စတိုင်းလူမျိုးများသည် အိုးအိမ်များ စွန့်ခွာ ထွက်ပြေးနေရကြောင်း သိရသည်။

Ref : RT

Trs : KKO

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်

ပေကျင်း စက်တင်ဘာ ၅

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် စက်တင်ဘာ ၄ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၄ ရက် ဆွေးနွေးပွဲတွင် တရုတ်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်တို့သည် နှစ်နိုင်ငံ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းပြဿနာများ၌ နှစ်နိုင်ငံဘုံအကျိုးစီးပွားကို ကာကွယ်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် တရုတ်နိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင်စိုးမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အကျိုးစီးပွားများကို ကာကွယ်ရာတွင် တရုတ်အစိုးရကို ဆက်လက်အားပေးထောက်ခံမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယင်းအပြင် နိုင်ငံတကာ အခြေအနေများ မည်သို့ပြောင်းလဲနေသည်ဖြစ်စေ မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုမှာလည်း ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပေကျင်းမြို့၌ စက်တင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သော ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲတက်ရောက်ရန် တရုတ်နိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပေကျင်းမြို့၌ ရှိနေစဉ် ရုရှားသမ္မတပူတင်နှင့်လည်း စက်တင်ဘာ ၃ ရက်တွင် တွေ့ဆုံဆွေးနွေး ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အနူတင်ချန်ဗီရာကူးလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းအောက်လွှတ်တော်ရွေးချယ်

ဗန်ကောက် စက်တင်ဘာ ၅

ဘမ်ကျိုင်ထိုင်းပါတီက အမည်စာရင်း တင်သွင်းထားသော ဝန်ကြီးချုပ်လောင်း အနူတင်ချန်ဗီရာကူးလ်ကို ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းအောက်လွှတ်တော်က ယနေ့တွင် ရွေးကောက်တင်မြှောက်ခဲ့သည်။

ဘမ်ကျိုင်ထိုင်းပါတီဝန်ကြီးချုပ်လောင်းကို ဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းအောက်လွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် ပွေထိုင်းပါတီဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ရာထူးမှဖယ်ရှားခံခဲ့ရပြီးနောက် ပေါ်ထွက်လာသည့် ရက်သတ္တပတ်ကြာ နိုင်ငံရေးအကျပ်အတည်း အဆုံးသတ်ခဲ့ရသည်။

ထိုင်းအောက်လွှတ်တော်မဲခွဲပွဲတွင် အနူတင်ချန်ဗီရာကူးလ်သည် အင်အားကြီးအတိုက်အခံပါတီဖြစ်သည့် ပြည်သူ့ပါတီ၏ ထောက်ခံမှုနှင့်ဝန်ကြီးချုပ်ရာထူး ရယူရေးအတွက် လိုအပ်သည့် ထောက်ခံမဲပမာဏကို အလွယ်တကူရရှိခဲ့သည်။

အနူတင်ချန်ဗီရာကူးလ်သည် ပွေထိုင်းပါတီက အမည်စာရင်းတင်သွင်းထားသည့် ဝန်ကြီးချုပ်လောင်း ချိုင်ကာဆမ်နီတီစီရိုကို ကျော်ဖြတ်၍ ထိုင်းဝန်ကြီးချုပ်ရာထူးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၈ နှစ်အရွယ် အနူတင်ချန်ဗီရာကူးလ်သည် ယခင်ကဒုတိယဝန်ကြီးချုပ် တာဝန်၊ ပြည်ထဲရေးနှင့်ကျန်းမာရေးဝန်ကြီး ဌာနဝန်ကြီး တာဝန်များ ရယူခဲ့ဖူးသူဖြစ်သည်။

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးသည် ဝန်ကြီးချုပ်ဟောင်း ပေထုန်တန်ရှင်နာဝပ်ကို ကျင့်ဝတ်ဖောက်ဖျက်မှုဖြင့် ပြီးခဲ့သည့် လကုန်ပိုင်းတွင် ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဟွာတိုရိကိုဌ် မူးယစ်ဂိုဏ်းချေမှုန်းမှုစစ်ဆင်ရေးများပြုလုပ်ရန် စစ်လေယာဉ်များ အမေရိကန်ဖြန့်ကြက်

ဝါရှင်တန် စက်တင်ဘာ ၅

မူးယစ်မှောင်ခိုဂိုဏ်း ချေမှုန်းမှုစစ်ဆင်ရေးများ ပြုလုပ်ရေးအတွက် အမေရိကန်နိုင်ငံက ပွာတိုရီကိုနိုင်ငံ၌ အက်ဖ်-၃၅ တိုက်လေယာဉ် ၁၀ စင်းဖြန့်ကြက်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် အစိုးရသည် မူးယစ်ဂိုဏ်းချေမှုန်းမှု စစ်ဆင်ရေးအတွက် ပွာတိုရီကိုနိုင်ငံ၌ အက်ဖ်-၃၅ တိုက်လေယာဉ်များကို ယနေ့တွင် စတင်ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်လေယာဉ်များသည် နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ခံထားရပြီး ကာရစ်ဘီယံပင်လယ်တောင်ပိုင်း၌ လှုပ်ရှားနေသော လက်တင်အမေရိကမူးယစ်ဂိုဏ်းများကို ရှင်းလင်းချေမှုန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်အစိုးရသည် လက်တင်အမေရိက မူးယစ်ဂိုဏ်းများ အန္တရာယ်ကိုဖြေရှင်းရန် ကာရစ်ဘီယံပင်လယ်တောင်ပိုင်း၌ ရေတပ်သင်္ဘောများဖြန့်ကြက်ထားသည်။

စက်တင်ဘာ ၂ ရက်တွင် ကာရစ်ဘီယံတောင်ပိုင်း၌လှုပ်ရှားနေသည့် အမေရိကန်ရေတပ်သင်္ဘောများက မူးယစ်ဆေးဝါးတင် ရေယာဉ်ငယ်အဖြစ် ယူဆရသည့်ရေယာဉ်တစ်စီးကို တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၁ ဦး သေဆုံးခဲ့ရသည်။

အမေရိကန် နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများ တင်သွင်းနေသော မူးယစ်ဂိုဏ်းများကို ချေမှုန်းမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလ၌ ကတိပြုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

SCIENCE AND TECHNOLOGY

31/ATLAS ကြယ်တံခွန်ကို အင်္ဂါဂြိုဟ်ပတ်အာကာသယာဉ်များဖြင့် လေ့လာရေးအတွက် ဥရောပအာကာသအေဂျင်စီ ပြင်ဆင်နေ

ပဲရစ် စက်တင်ဘာ ၅

31/ATLAS ကြယ်တံခွန်ကို အင်္ဂါဂြိုဟ်ပတ် အာကာသယာဉ်များဖြင့် လေ့လာရေးအတွက် ဥရောပ အာကာသအေဂျင်စီက ပြင်ဆင်နေကြောင်း စက်တင်ဘာ ၄ ရက်သတင်းများအရ သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် အင်္ဂါဂြိုဟ်ကို 31/ATLAS ကြယ်တံခွန်ကို အနီးကပ်ဖြတ်သန်းချိန်တွင် အင်္ဂါဂြိုဟ်ပတ် အာကာသယာဉ်များဖြင့် လေ့လာရန်ပြင်ဆင်နေခြင်းဖြစ်သည်။

31/ATLAS ကြယ်တံခွန်သည် လာမည့် အောက်တိုဘာ ၃ ရက်တွင် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃ ရက်တွင် 31/ATLAS ကြယ်တံခွန်သည် အင်္ဂါဂြိုဟ်ကို မိုင်ပေါင်း ၁၈ ဒသမ ၆ သန်း အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ရာ အင်္ဂါဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်း ၎င်းကြယ်တံခွန်ကို အကောင်းဆုံးလေ့လာနိုင်သည့် နေရာဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အင်္ဂါဂြိုဟ်ကို 31/ATLAS ကြယ်တံခွန် အနီးကပ်ဖြတ်သန်းချိန်တွင် ဥရောပအာကာသအေဂျင်စီသည် မားအိတ်စပရက် အာကာသယာဉ်နှင့် အိတ်ဆိုမားစ် အာကာသယာဉ် နှစ်စင်းလုံးကို အသုံးပြုလေ့လာမည်ဖြစ်သည်။

ယခုနှစ် ဇူလိုင် ၁ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သော 31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နှစ်ပေါင်း သန်း ၅၀ ခန့်ရှိသော ပင်လယ်လိပ်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဘရာဇီးသိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိ

ဆော်ပေါ်လို စက်တင်ဘာ ၅

သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၅၀ ခန့်ရှိသော ပင်လယ်လိပ်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဘရာဇီးသိပ္ပံပညာရှင်များက ဆီးရီးယားနိုင်ငံ အက်ဖရင်းမြို့အနီး၌ တူးဖော်တွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

အဆိုပါကမ္ဘာဦးပင်လယ်လိပ် ကျောက်ဖြစ်ရုပ်ကြွင်းကို Syriemys Lelunensis ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Syriemys Lelunensis ပင်လယ်လိပ်များသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၅၀ ခန့်ကာလ အီအိုမင်းဘူမိခေတ်အတွင်း ဆားငန်ပင်လယ်များ၌ ရှင်သန်ကျက်စားခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Syriemys Lelunensis ပင်လယ်လိပ်၏ လိပ်ခွံမှာ အလျား ၅၃ စင်တီမီတာ၊ အနံ ၄၄ စင်တီမီတာ ရှိပြီး ပုံစံမပျက် ကျန်ရှိသေးကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ယနေ့ခေတ် ဆီးရီးယားနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၅ သန်းက ရေများ ဖုံးလွှမ်းနေခဲ့သော နေရာဖြစ်သည်။

သို့ဖြစ်ရာ Syriemys Lelunensis ကဲ့သို့ ကမ္ဘာဦးပင်လယ်လိပ်များအနေဖြင့် ဆီးရီးယားနိုင်ငံ ရှိရာနေရာ၌ တစ်ချိန်သောအခါက ရှင်သန် ကျက်စားခဲ့ကြသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းအမြင့်စမ်းသပ်မြှင့်တင်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

ဝါရှင်တန် စက်တင်ဘာ ၅

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းအမြင့် စမ်းသပ်မြှင့်တင်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် စက်တင်ဘာ ၃ ရက်တွင် ဒုံးကန်အားစနစ် နှစ်ခုကို ငါးမိနစ်နှင့် သုံးစက္ကန့်ကြာဖွင့်၍ နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းကို စမ်းသပ်မြှင့်တင်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းသည် ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၅၀ ခန့်တွင်ရှိသော ပတ်လမ်းပေါ်၌နေရာယူ၍ ကမ္ဘာဂြိုဟ်ကို လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင်သဘာဝအလျောက် လေထုလွှာဖြတ်အားကြောင့် နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းမှာ အကြမ်းဖျင်းကျဆင်းလာတတ်ရာ နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိလာသည့် အာကာသယာဉ်များက လအနည်းငယ်လျှင် တစ်ကြိမ်ကျ အာကာသစခန်းပတ်လမ်းကို မြှင့်တင်ပေးရလေ့ရှိသည်။

ရှေးယခင်က နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းအမြင့် မြှင့်တင်မှုကို ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်အာကာသယာဉ်များက ပြုလုပ်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

ယာဉ်သွားယာဉ်လာဆူညံသံမြင့်မားမှုကြောင့် သက်ကြီးပိုင်းများ၌ လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်

ကိုပင်ဟေဂင် စက်တင်ဘာ ၅

ယာဉ်သွားယာဉ်လာ ဆူညံသံမြင့်မားသည့် လမ်းများတွင် နေထိုင်သူ သက်ကြီးပိုင်းများ၌ လေဖြတ်နိုင်ခြေ သိသိသာသာ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် လူပေါင်း ၂၆၇၂ ဦးတို့ နေထိုင်ရာနေရာများ၏ ယာဉ်သွားယာဉ်လာဆူညံသံများနှင့် လေထုညစ်ညမ်းမှုများ၏ အတိုင်းအဆတို့ကို နေထိုင်သူများ၏ ကျန်းမာရေး အချက်အလက်များနှင့်နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ယာဉ်သွားယာဉ်လာဆူညံသံ ၁၄ ဒသမ ၉ ဒက်ဆီဘယ်ထိ မြင့်တက်နေသော နေရာများ၌ နေထိုင်သူများတွင် လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၁၂ ဒသမ ၄ ရာခိုင်နှုန်းပိုမြင့်မားနေသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် လေထုညစ်ညမ်းမှုအဆင့် နည်းပါးခဲ့လျှင်ပင် ယာဉ်သွားယာဉ်လာ ဆူညံသံအဆင့် မြင့်မားပါက လေဖြတ်နိုင်ခြေ ပုံမှန်ထက် မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

နေ့ညမပြတ် ယာဉ်သွားယာဉ်လာ ဆူညံသံများကြောင့် သက်ကြီးပိုင်းများ၏ အိပ်စက်မှုပုံစံ ထိခိုက်ပျက်စီးတတ်ပြီး စိတ်ဖိအားများ ပေါ်ထွက်လာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

ပါကင်ဆန်ရောဂါလူနာများ၏ ဦးနှောက်အတွင်း၌ HPgV ဗိုင်းရပ်တစ်မျိုး ပါဝင်မှုမြင့်မားနေ

နယူးယောက် စက်တင်ဘာ ၅

ပါကင်ဆန်ရောဂါ လူနာများ၏ ဦးနှောက်အတွင်း၌ Human Pegivirus (HPgV)ခေါ် ဗိုင်းရပ်တစ်မျိုးပါဝင်မှုအဆင့် မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၄ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ နေ့ဘက်ဝက်စ်သမ်းဆေးပညာအင်စတီကျူမှ သုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါလူနာ ၁၀ ဦးနှင့် ၎င်းရောဂါမရှိသူ ၁၄ ဦးတို့၏ ဦးနှောက် တစ်ရှူးနမူနာများကို စူးစမ်းလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပါကင်ဆန်ရောဂါလူနာများအနက် ထက်ဝက်တို့၏ ဦးနှောက်တစ်ရှူး နမူနာများအတွင်း HPgV ဗိုင်းရပ် အကြွင်းအကျန်များရှိနေသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် ပါကင်ဆန်ရောဂါမရှိသူများ၏ ဦးနှောက်တစ်ရှူး နမူနာများထဲတွင် HPgV ဗိုင်းရပ် အကြွင်းအကျန်များ လုံးဝမတွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ HPgV ဗိုင်းရပ်သည် ပါကင်ဆန်ရောဂါ၏ နောက်ခံအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သွေးမှတစ်ဆင့် ကူးစက်တတ်သည့် HPgV ဗိုင်းရပ်ကို ရှေးယခင်က ကျန်းမာရေးအတွက် ပြဿနာမရှိသည် ဗိုင်းရပ်အဖြစ် ဆေးပညာရှင်များက ယူဆခဲ့ကြသည်။

Ref : Russia Today
Trs : KKO

စပါးအသင်းဥက္ကဋ္ဌ လီဗိုင်း ရာထူးမှ နုတ်ထွက်ကြောင်း တရားဝင်ထုတ်ပြန်

လန်ဒန် စက်တင်ဘာ ၅

စပါးအသင်းဥက္ကဋ္ဌအဖြစ် ၂၀၀၁ ခုနှစ်ကတည်းက စတင်တာဝန်ထမ်းဆောင်ခဲ့သည့် လီဗိုင်းသည် ယခုအခါ အသင်းဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

အသင်းဥက္ကဋ္ဌ လီဗိုင်းသည် စပါးအသင်းကို ၂၄ နှစ်တာ တာဝန်ယူခဲ့ရာတွင် အိမ်ကွင်း ဖ္ရိုက်ဟမ်းလိတ်ကို ကမ္ဘာ့အဆင့်မီသည့်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အပြင် လေ့ကျင့်ရေးကွင်းကိုလည်း အဆင့်မီသည့်ကွင်းအဖြစ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို ဆယ်စုနှစ် နှစ်ခုတာကာလအတွင်း အဓိက ဆုဖလားနှစ်လုံးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

လီဗိုင်းအနေဖြင့် စပါးအသင်းကို ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်နိုင်ရန်အတွက် အသင်း၏ ရှယ်ယာအချို့ကို ရောင်းချသွားရန် ဘုတ်အဖွဲ့နှင့် ကာလအတန်ကြာသည်ထိ ဆွေးနွေးမှုပြုလုပ်ခဲ့ရာ လက်ရှိအချိန်ထိ တိုးတက်မှုတစ်စုံတစ်ရာ မရှိခဲ့သည့်အတွက် အသင်းဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

စပါးအသင်းကို လက်ရှိဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်နေသည့် ENIC ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက အသင်းရှယ်ယာ ၈၆ ဒသမ ၅၈ ရာခိုင်နှုန်း ပိုင်ဆိုင်ထားခဲ့ပြီး အသင်းဥက္ကဋ္ဌလီဗိုင်းက အဆိုပါ ရှယ်ယာထဲမှ ၂၉ ဒသမ ၈၈ ရာခိုင်နှုန်းထိ ပိုင်ဆိုင်ထားပြီး လီဗိုင်းသည် ရာထူးမှ နုတ်ထွက်သွားသော်လည်း စပါးအသင်း ပိုင်ရှင်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

လက်ရှိတွင် စပါးအသင်းဥက္ကဋ္ဌရာထူးကို ဘုတ်အဖွဲ့ဝင်ဖြစ်သည့် ENIC မှ ဝီတာချာရင်တန်က ဆက်လက်တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

အားကစားသတင်းအတိုအထွာများ

- ❑ ဘာစီလိုနာအသင်းသည် အသင်းနှင့် တစ်နှစ်သက်တမ်းကျန်ရှိသေးသည့် ကွင်းလယ်ကစားသမား ရိုမီယူကို အပြောင်းအရွှေ့ကာလအတွင်း အသင်းသစ်ရှာဖွေခွင့်ပြုခဲ့သော်လည်း ကစားသမားအနေဖြင့် ကမ်းလှမ်းလာသည့် အသင်းမရှိသောကြောင့် ယနေ့တွင် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။
- ❑ စပိန်အသင်းက ဘူလ်ဂေးရီးယားအသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သော်လည်း တိုက်စစ်မှူး ယာမယ် ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သဖြင့် ဘာစီလိုနာအသင်းက ကစားသမား၏ ဒဏ်ရာပြဿနာအတွက် စိုးရိမ်နေကြောင်း သိရသည်။
- ❑ ပီအက်စ်ဂျီ အမျိုးသမီးအသင်းမှ ဂျီရိုယိုကို လန်ဒန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ယူရို ၁ ဒသမ ၆ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် အမျိုးသမီးဘောလုံးလောကတွင် စံချိန်တင်ပြောင်းရွှေ့ကြေး အများဆုံးဖြစ်ခဲ့သည်။ **ML**

အာဂျင်တီးနားအသင်း တိုက်စစ်မှူး မက်ဆီ နိုင်ငံအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉၄ ပွဲတွင် သွင်းဂိုး ၁၁၄ ဂိုးထိ သွင်းယူ

ဗျူနိုစ်အေရိစ် စက်တင်ဘာ ၅

၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် ဗင်နီဇွဲလားအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီက အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် နိုင်ငံအသင်းနှင့် ပြိုင်ပွဲစုံ ၁၉၄ ပွဲတွင် သွင်းဂိုး ၁၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားအသင်းတိုက်စစ်ကို ဦးဆောင်လာခဲ့ပြီး ပွဲကစားချိန် ၃၉ မိနစ်နှင့် ပွဲချိန် မိနစ် ၈၀ တို့တွင် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ကာ အသင်းဖော်တိုက်စစ်မှူး မာတီနက်ဇ်က ပွဲချိန် ၇၆ မိနစ်တွင် တစ်ဂိုးသွင်းယူ၍ သုံးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

လက်ရှိ ကမ္ဘာ့ဘောလုံးသမိုင်းတွင် နိုင်ငံအသင်းနှင့်အတူ ဂိုးသွင်းအများဆုံး ကစားသမားများမှာ တိုက်စစ်မှူး စီရော်နယ်ဒို့က ပြိုင်ပွဲစုံ ၂၂၁ ပွဲတွင် သွင်းဂိုး ၁၃၈ ဂိုးဖြင့် ပထမ၊ တိုက်စစ်မှူး မက်ဆီက ပြိုင်ပွဲစုံ ၁၉၄ ပွဲတွင် သွင်းဂိုး ၁၁၄ ဂိုးဖြင့် ဒုတိယ၊ အီရန်တိုက်စစ်မှူး အလီဒါယီက ပြိုင်ပွဲစုံ ၁၄၈ ပွဲတွင် သွင်းဂိုး ၁၀၈ ဂိုးဖြင့် တတိယ၊ အိန္ဒိယတိုက်စစ်မှူး ချက်ထရီက ပြိုင်ပွဲစုံ ၁၅၅ ပွဲတွင် သွင်းဂိုး ၉၅ ဂိုးဖြင့် စတုတ္ထနေရာတွင် အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

သို့သော် အဆိုပါကစားသမားများ ထဲတွင် တိုက်စစ်မှူး စီရော်နယ်ဒို့နှင့် တိုက်စစ်မှူး မက်ဆီတို့က ဘောလုံးလောကတွင် ဆက်လက်ကျင်လည် နေသည့်အတွက် စံချိန်တင်သွင်းဂိုးများ ထပ်မံရရှိနိုင်မည်ဖြစ်ပြီး မက်ဆီအနေဖြင့် စီရော်နယ်ဒို့၏ စံချိန်ကို လိုက်မီနိုင်ရန်အတွက် သွင်းဂိုး ၂၄ ဂိုးသာလို့ကြောင်း သိရသည်။ **Ref : Fotmob**

Trs : ML

တောင်အမေရိကဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ဥရုဂွေး၊ ကိုလံဘီယာ၊ပါရာဂွေးအသင်းတို့ ခြေစစ်ပွဲအောင်မြင်

ဇူးရစ် စက်တင်ဘာ ၅

တောင်အမေရိကဇုန် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ပြီးဆုံးရန် တစ်ပွဲအလိုတွင် ဥရုဂွေးအသင်း၊ ကိုလံဘီယာအသင်းနှင့် ပါရာဂွေးအသင်းတို့က တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

ယခုပြိုင်ပွဲတွင် ဥရုဂွေးအသင်းသည် ပြိုင်ဘက်ဝီရူးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကိုလံဘီယာအသင်းက ပြိုင်ဘက်ဘိုလီးဗီးယားအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပါရာဂွေးအသင်းက အီကွေဒေါအသင်းကို ဂိုးမရှိသရေရလဒ်ဖြင့် လည်းကောင်း ကစားနိုင်ခဲ့သောကြောင့် ခြေစစ်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲအုပ်စုအဆင့်တွင် ၁၇ ပွဲကစားအပြီး ရမှတ် ၃၈ မှတ်ရရှိထားသည့် အာဂျင်တီးနားအသင်းက အဆင့်(၁)၊ ရမှတ် ၂၈ မှတ်ရရှိထားသည့် ဘရာဇီးအသင်းက အဆင့်(၂)၊ ရမှတ် ၂၆ မှတ်ရရှိထားသည့် အီကွေဒေါအသင်းတို့က ကနဦး တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့သဖြင့် လက်ကျန်ဝင်ခွင့်သုံးနေရာအတွက် ရမှတ်လိုအပ်ချက်ရှိနေသည့် ဥရုဂွေး၊ ကိုလံဘီယာအသင်းနှင့် ပါရာဂွေးအသင်းတို့က ယခုပွဲစဉ်တွင် ရမှတ်အသီးသီးရရှိခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန်တစ်ပွဲအလိုတွင် အဆင့်(၇)နေရာတွင် ရပ်တည်နေသည့် ဗင်နီဇွဲလားအသင်းကို ရမှတ်ဖြတ်တောက်နိုင်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် ဝီရူးအသင်းသည် ၂၀၁၀ ပြည့်နှစ်က အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သည့်ပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်ခဲ့ပြီးနောက်ပိုင်း ၁၆ နှစ်ကြာမှ ကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၄၈ သင်းတိုးမြှင့်ခဲ့ပြီးနောက် ၄၃ သင်းသည် တိုက်ရိုက်ဝင်ခွင့် ရရှိမည်ဖြစ်ပြီး လက်ကျန်နှစ်သင်းသည် ဇုန်အသီးသီးမှ ကလပ်အသင်း ခြောက်သင်းကို play-off ကစားရ၍ ဗိုလ်လုပွဲတက်ရောက်မည့် နှစ်သင်းက ဝင်ခွင့်ရရှိမည်ဖြစ်ကာ ကျန်သုံးသင်းမှာ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ အိမ်ရှင်နိုင်ငံ သုံးသင်းဖြစ်ကြောင်း သိရသည်။ **Ref : Espn**

Trs : ML

မိုက်တိုင်ဆန်နှင့် မေဝယ်သာတို့ ရန်ပုံငွေပွဲ ထိုးသတ်သွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်

ဝါရှင်တန် စက်တင်ဘာ ၅

ဂန္ထဝင်အမေရိကန်လက်ဝှေ့သမားများဖြစ်ကြသည့် မိုက်တိုင်ဆန်နှင့် မေဝယ်သာတို့သည် ရန်ပုံငွေပွဲစဉ်အဖြစ် ၂၀၂၆ ခုနှစ် နှစ်ဦးပိုင်းတွင် ထိုးသတ်သွားရန်အတွက် ဆွေးနွေးနေပြီဖြစ်ကြောင်း CSI Sports ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မိုက်တိုင်ဆန်သည် အသက် ၆၀ ထဲသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း လက်ဝှေ့လောကကို ချစ်မြတ်နိုးဆဲဖြစ်ပြီး ဝင်ရောက်လှုပ်ရှားနေဆဲဖြစ်သလို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင်လည်း ဂျိတ်ပေါလ်နှင့် ထိုးသတ်ခဲ့သည်။

အသက် ၄၈ နှစ်အရွယ် မေဝယ်သာသည် ရှုံးပွဲမရှိရလဒ်ဖြင့် လက်ဝှေ့လောကမှ အနားယူထားသူဖြစ်သော်လည်း ၎င်းအနေဖြင့် ရန်ပုံငွေပွဲစဉ်များကို စီစဉ်ထိုးသတ်နေဆဲဖြစ်သည်။

မေဝယ်သာသည် ၎င်းနှင့် ထိုးသတ်သွားရန် ဆန္ဒပြင်းပြနေခြင်းဖြစ်သော်လည်း မေဝယ်သာ၏ကျန်းမာရေးကို စိုးရိမ်မိကြောင်းလည်း မိုက်တိုင်ဆန်က ပြောကြားခဲ့သည်။

မိုက်တိုင်ဆန်က "မေဝယ်သာနဲ့ပွဲစဉ်ကို အနိုင်အရှုံးရလဒ်ကြောင့် ထိုးသတ်သွားဖို့ ဆုံးဖြတ်ခဲ့တာ မဟုတ်ပါဘူး။ မေဝယ်သာကလဲ ကျွန်တော်နဲ့ အရမ်းထိုးသတ်ချင်နေတာတွေ့ရတယ်။ ကျွန်တော်နဲ့ ဘာလို့ အရမ်းထိုးသတ်ချင်နေတာလဲဆိုတာကို ကျွန်တော်လဲ နားမလည်ဘူး။ ကျွန်တော်နဲ့ ထိုးသတ်ရင် သူ့ကျန်းမာရေးအတွက် စိုးရိမ်စရာတွေဖြစ်လာလိမ့်မယ်လို့ သတိပေးချင်တယ်။ ခေတ်သစ် လက်ဝှေ့လောကကြီးဟာ ခန့်မှန်းရခက်တဲ့ အခြေအနေဖြစ်လာတယ်။ ကျွန်တော်တို့ ပွဲစဉ်ဟာလဲ ခန့်မှန်းရခက်တဲ့ ပွဲစဉ် တစ်ပွဲဖြစ်လာလိမ့်မယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Mega Group of Companies တို့ စပွန်ဆာစာချုပ်ချုပ်ဆိုပွဲ ကျင်းပပြုလုပ်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ၂၀၀၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အိမ်ဆောက်သံထည်နှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် Mega Group of Companies တို့ စပွန်ဆာစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Novotel Yangon Max Hotel တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အကြီးတန်း ဒုတိယ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ ဒုတိယ ဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ Mega Group of Companies မှ မန်နေဂျင်းဒါရိုက်တာများ ဖစ်ကြသည့် ဦးသီဟနှင့်ဦးသူရ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၊ စပွန်ဆာကုမ္ဏီမှ တာဝန်ရှိသူများဖြတ်ကြားထားသော ဧည့်သည်တော်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး Mega Group of Companiesမှ မန်နေဂျင်းဒါရိုက်တာ ဦးသီဟမှ စပွန်ဆာပေးရသည့် အကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Mega Group of Companiesတို့နှစ်ဖက်သဘောတူ စာချုပ် လက်မှတ်ရေးထိုးသည့် အစီအစဉ်ပြုလုပ်ခဲ့သည်။

ယင်းနောက် Mega Group of Companies နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများ အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။ STA

US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အန်နီစီမိုဗာနှင့် ဆာဘာလင်ကာတို့ တက်ရောက်

နယူးယောက် စက်တင်ဘာ ၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် အမေရိကန် တင်းနစ်မယ်အန်နီစီမိုဗာက ဂျပန် တင်းနစ်မယ် အိုဆာကာနှင့်လည်းကောင်း၊ ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက အမေရိကန် တင်းနစ်မယ် ပီဂူလာနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြသည်။

အန်နီစီမိုဗာနှင့် အိုဆာကာတို့ ပွဲစဉ်တွင် အန်နီစီမိုဗာက (၆-၇၊ ၇-၆၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် ဆာဘာလင်ကာက အိမ်ရှင်ကစားသမားဖြစ်သူ ပီဂူလာအား(၄-၆ ၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ကြကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အန်နီစီမိုဗာသည် ထင်မှတ်မထားသည့် စွမ်းဆောင်ရည်များဖြင့် ဝါရင့်တင်းနစ်မယ် အိုဆာကာအား အနိုင်ရခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲ အမျိုးအစားတွင် ဒုတိယအကြိမ်မြောက် ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့် ရခဲ့ခြင်းလည်းဖြစ်သည်။

အန်နီစီမိုဗာက "ဆီမီးဖိုင်နယ်အဆင့်မှာ အနိုင်ရနိုင်ပါ့မလားလို့ စိုးရိမ်စိတ်တော့ ရှိနေခဲ့တယ်။ အကောင်းဆုံး ကြိုးစားကစားခဲ့ပါတယ်။တော်တော်လေးကို ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ ပထမပွဲငယ်မှာ အနိုင်ရသွားတော့ စိုးရိမ်စိတ်ပိုများလာခဲ့ပါတယ်။ ဒါပေမဲ့လဲ အနိုင်ရလဒ်နဲ့ အဆုံးသတ်နိုင်ခဲ့ပြီး ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အိုဆာကာကစားသွားတာ အရမ်းကောင်းပါတယ်။ အိုဆာကာအနေနဲ့ သူပုံမှန်လုပ်နိုင်တဲ့ အလုပ်မျိုးကို ပြန်လုပ်လာနိုင်တာကိုတွေ့ရတော့ သူ့အတွက်ဝမ်းသာပါတယ် " ဟု ပြောကြားခဲ့သည်။

ဆာဘာလင်ကာက "ပထမပွဲငယ်မှာ ရှုံးနိမ့်သွားခဲ့တော့ ဖိအားများလာခဲ့တယ်။စိတ်လှုပ်ရှားလွန်းတဲ့အတွက် အမှားတွေတော့ရှိခဲ့တယ်။ဗိုလ်လုပွဲအဆင့်ကိုရောက်ဖို့ နောက်ထပ် ခြေတစ်လှမ်းပဲလိုတယ်ကြိုးစားထားဆိုပြီး ကိုယ့်ကိုယ်ကိုယ် အားပေးခဲ့ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

CFA Team China Beiguo-Renbai Group Shijiazhaung Futsal ပြိုင်ပွဲတွင် မြန်မာအသင်းက နယူးဇီလန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၅

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် CFA Team China Beiguo-Renbai Group Shijiazhaung Futsal ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မြန်မာအသင်းနှင့် နယူးဇီလန်အသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

CFA Team China Beiguo-Renbai Group Shijiazhaung Futsal ပြိုင်ပွဲတွင် မြန်မာအသင်းသည် နယူးဇီလန်အသင်း၊ အာဆီယံဒေသတွင်းပြိုင်ဘက်များ ဖြစ်သည့် အင်ဒိုနီးရှားအသင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် နယူးဇီလန်အသင်းကို ပွဲချိန်တစ်လျှောက် လုံးခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ အုပ်စုအဖွင့်ပွဲစဉ်တွင်ပင် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် CFA Team China Beiguo-Renbai Group Shijiazhaung Futsal ပြိုင်ပွဲ အုပ်စု လက်ကျန်ပွဲစဉ်များ အဖြစ် စက်တင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှား အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၈ ရက်တွင် ကမ္ဘောဒီးယား အသင်းနှင့်လည်းကောင်း ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းသည် ယခုနှစ်အတွင်း ဝင်ရောက်ကစားမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် CFA Team China Beiguo-Renbai Group Shijiazhaung Futsal ပြိုင်ပွဲကို ဝင်ရောက်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

မြန်မာအမျိုးသမီးလိုဂ်ပြိုင်ပွဲ ပွဲစဉ် (၅)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာအမျိုးသမီးလိုဂ် ပြိုင်ပွဲ ပွဲစဉ် (၅)အဖြစ် ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့်သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိုဂ်ပြိုင်ပွဲ ပွဲစဉ် (၄)အပြီးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ နိုင်ငံတကာပြိုင်ပွဲများနှင့် ISPE အသင်း၏ အမျိုးသမီးအာရှချန်ပီယံလိုဂ် ပြိုင်ပွဲတို့ကြောင့် ခေတ္တရပ်နားခဲ့ရပြီး စက်တင်ဘာ ၄ ရက်မှစ၍ ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိုဂ် ပြိုင်ပွဲ ပွဲစဉ် (၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီး အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဆွေမာအောင်၊ ၄၅ မိနစ်နှင့် မိနစ် ၈၀ တွင် ဇင်မိုးပြည့်၊ ၅၃ မိနစ်တွင် ယုယုနိုင်နှင့် ပွဲချိန် ၅၉ မိနစ်တွင် နန်းချိုထွေးတို့က သွင်းယူနိုင်ခဲ့ပြီး ရန်ကုန်စီးတီး အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၈ မိနစ်တွင် ထိပ်တင်ကွီးနှင့် Ja Htoi Bawk တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာ အားကစားကွင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဝေဖူးအိန်၊ ၃၁ မိနစ်တွင် ဝင်းဝင်း၊ ပွဲချိန် မိနစ် ၄၀တွင် မြတ်နိုးခင် ပွဲချိန် ၇၈ မိနစ်တွင် ခင်မိုမိုထွန်းနှင့် ပွဲချိန် ၈၅ မိနစ်တွင် သင်ဇာလီလင်းတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

ချဲလ်ဆီးအသင်းနှင့် စတားလင်းတို့ စာချုပ်ဖျက်သိမ်းကြေး ညှိနှိုင်းမရဖြစ်နေ

လန်ဒန် စက်တင်ဘာ ၅

ချဲလ်ဆီးအသင်းက အသင်းမှ တောင်ပံကစားသမား စတားလင်းကို စာချုပ်ဖျက်သိမ်းရန် ကြိုးပမ်းနေသော်လည်း စာချုပ်ဖျက်သိမ်းကြေး ညှိနှိုင်းမှု အဆင်မပြေဖြစ်နေကြောင်း သိရသည်။

စတားလင်းသည် မန်စီးတီး အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ခြေစွမ်းပြဿနိုင်ရန် ရုန်းကန်နေရသူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်းတွင် တစ်ရာသီအဌားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး အသင်းနှင့်ပြန်လည်ပူးပါင်းခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလအစပိုင်းက တည်းက စတားလင်းကို အရောင်းစာရင်းတင်ကာ ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း ခေါ်ယူမည့်အသင်း မရှိသည့်အတွက် မရောင်းချ နိုင်ခဲ့သောကြောင့် လက်ရှိတွင် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၁၀သန်းဖြင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲလိုနေသော်လည်းစတားလင်းက သန်း ၃၀ ထိ အလိုရှိနေသည့်အတွက် ဆွေးနွေးမှုအဆင်မပြေဖြစ်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

ကြားဝင့်သွေမကွာ တက်နေပမာ ညီညာဆောင်ထမ်းကြတော့သည်

ပြည်စုံးညိမ်း

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အပေါင်းထိပ်သီးအစည်းအဝေးကြီး ပြီးခဲ့ပြီဆိုသော်ငြား အနားမယူနိုင်ကြသေးဘဲ ခရီးစဉ်၏ ပထမဆုံးသောလေ့လာရေးအဖြစ် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ခဲ့ကြသည်။

တီယန်ကျင်းဆိပ်ကမ်းသည် တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကအထူးစီးပွားရေးဇုန်ဖြစ်သည့် Tianjin မြို့နီစီပယ် အုပ်ချုပ်ရေးဒေသ Binhai New Area (BNA) ခရိုင်၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ Haihe မြစ်အနီး Bohai ပင်လယ်အော်အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ တရုတ်နိုင်ငံမြောက်ပိုင်း၏အဓိကကျသော ထောက်ပံ့နှင့် ပို့ဆောင်ရေးအချက်အချာနေရာအဖြစ် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။ ရည်ရွယ်ချက်အထမြောက်အောင်မြင်သည်ဟုဆိုရပါမည်။ ယခုအခါ တရုတ်နိုင်ငံ၏ဒေသနှင့်ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ထက်ဝက်ပမာဏဖြစ်သည်။

ဆိပ်ကမ်းသို့ရောက်ရှိသည်နှင့် ဆိပ်ကမ်းတာဝန်ခံနှင့် တာဝန်ရှိသူများက ရင်းနှီးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။ ဆိပ်ကမ်းတာဝန်ခံနှင့် ဆိပ်ကမ်းတာဝန်ရှိသူတို့က ဆိပ်ကမ်းဆိုင်ရာအချက်အလက်များ၊ ဆိပ်ကမ်းတည်ဆောက်ခဲ့မှုအခြေအနေ၊ ပြည်တွင်းနှင့် နိုင်ငံတကာသို့ ကုန်ပစ္စည်းများပို့ဆောင်လျက်ရှိမှုအခြေအနေ၊ နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ AI စနစ်အသုံးပြု၍ ကွန်တိန်နာများအား သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ကာဗွန်ကင်းစင်သည့် ဆိပ်ကမ်းအဖြစ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် လေအားလျှပ်စစ်ဖြင့်လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ရှည်လျားသည့်ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်ဖြစ်ရာ ရှင်းလင်းတင်ပြမှုများကို နိုင်ငံတော်အကြီးအကဲအပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လုံး စိတ်ပါဝင်စားစွာ နားထောင်ကြသည်။ နိုင်ငံတော်အကြီးအကဲက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ ပြန်လည်မေးမြန်းသည်။

အကြီးအကဲ၏ မေးခွန်းများထဲတွင် ပြည်သူပြည်သားများ၏ သက်သာချောင်ချိရေး၊ အရည်အသွေးပြည့်ဝသည့်ကုန်ပစ္စည်းများကို လုံလောက်အောင်ရရှိရေး၊ သယ်ယူပို့ဆောင်ခများ လျော့နည်းသက်သာ၍ နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေး စသည့်များစွာသောအကြောင်းတရားများကို အခြေခံသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အထိ ပါသည်။ ကျယ်ပြန့်လှသည့်ဆွေးနွေးမေးမြန်းမှုများတွင် အသေးစိတ်ကျသည့် ဆွေးနွေးမှုများအထိ ပါဝင်နေသည်။

နိုင်ငံတော်အကြီးအကဲမှာ အနားယူချိန်ဟူ၍ သီးသန့်မထား။ ကြိုတင်ပြင်ဆင်မှုများဖြင့်သာ အချိန်နာရီများကို ကုန်ဆုံးလွန်မြောက်စေခဲ့သည်။ များားပြားလှစွာသော လုပ်ငန်းအချိန်ဇယားများအတွင်း ခေါင်းမဖော်နိုင်စတမ်း ဆက်ကာဆက်ကာ ဆောင်ရွက်ခဲ့ကြသည်မှာ မွန်းတည့် ၁၂ နာရီသို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ဆက်လက်၍ တီယန်ကျင်းမြို့ရှိ Renaissance Tianjin Lake ဟိုတယ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံနှင့်ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အသက်ဝင်လှသည်။ နှစ်နိုင်ငံအစိုးရချင်း ချစ်ကြည်ရင်းနှီးမှုသာမက ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက်လည်း ဆွေးနွေးမှုများပြုလုပ်သည်။ အကြောင်းခြင်းရာနယ်ပယ်များမှာ ကျယ်ဝန်းလှသည်။ ကဏ္ဍပေါင်းစုံအတွက် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ရာ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများမှာ မနည်းလှပေ။ မြန်မာနိုင်ငံသားများအတွက်အကြီးအကဲက ပေးလိုသောစေတနာနှင့် ရစေလိုသော စိတ်ဆန္ဒကို အဝေးမှပင်မြင်နိုင်သည်ဟု ဆိုရပါမည်။

ခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ထက်သန်တက်ကြွသောဦးဆောင်မှုနှင့် အတူ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ၏ ညီညာဖြဖြလိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နေပုံများမှာ အမိမြန်မာနိုင်ငံအတွက် အားတက်ဖွယ်မြင်ကွင်းများပင်ဖြစ်သည်။ ဤသို့လျှင် "ပြည့်အရေးမှန် မြည့်ဆွေးဆံ" စိတ်ဓာတ်ဖြင့် မနားမနေ အားကြိုးမာန်တက် ထမ်းရွက်နေကြသည်မှာ ကြွားဝင့်သွေမကွာ တက်နေပမာ ညီညာဆောင်ထမ်းကြတော့သည် ဟုပင် ညွှန်းဆိုဖွယ်ရာ။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တစ်နေ့တာလှုပ်ရှားဆောင်ရွက်မှုနှင့် တွေ့ဆုံဆွေးနွေးမှုများမှာ အစီအစဉ်အားဖြင့် ပြီးမြောက်ခဲ့ပြီဖြစ်သည်။ သို့သော် နောက်ဆက်တွဲ အကျိုးကျေးဇူးများမှာ မပြီးဆုံးသေးပေ။ အချို့သောအကြောင်းအရာများမှာ တိုးတက်မှုအဖြစ်ရှိနေပြီး အချို့အကြောင်းအရာများမှာ အသစ်အသစ်သော ဖြစ်ထွန်းမှုများအဖြစ် စတင်အသက်ဝင်လာပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၊ တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ ကြီးပွားမှုအစရှိသော ကောင်းကျိုးအထွေထွေတို့မှာ တိုင်းတာကြည့်ရန်ပင် ခက်ခဲလွန်းလှပေမည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အလုပ်သဘောခရီးစဉ် ပထမပိုင်းအစီအစဉ်မှာ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။

ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် Tian'anmen ရင်ပြင်ဦးကျင်းပမည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် စက်တင်ဘာလ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တီယန်ကျင်းဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ဆက်လက်ထွက်ခွာသည်။ ဘူတာရုံ လျှောက်လမ်းတစ်ခုလုံးတွင် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အလံငယ်များဝှေ့ယမ်းကာ နှုတ်ဆက်နေကြသည့် တရုတ်နိုင်ငံမှပြည်သူများဖြင့် ပြည့်လျှံလို့နေသည်။ သူတို့မျက်နှာလေးများမှာ ရွှင်ပြုံးကြည်သာလျက် လှိုက်လှဲသောအသွင်ကို ဆောင်နေကြသည်။ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သော နှစ်နိုင်ငံချစ်ကြည်ရေးတည်တံ့ခိုင်မြဲမှု၏ ပကတိအရှိတရားများပါပေ။ **စာမျက်နှာ ၁၁ သို့**

စာမျက်နှာ ၁၀ မှအဆက်

ပေကျင်းမြို့ Southern Station ဘူတာသို့ရောက်ရှိရာတွင်လည်း တာဝန်ရှိသူများနှင့်အတူ မြို့ခံပြည်သူများက အလံငယ်များဝှေ့ယမ်းကာ လှိုက်လှဲစွာဆီးကြိုနေကြပုံမှာ ကိုယ်စားလှယ်ကြီးများအဖို့ နွေးထွေးသော ခံစားမှုကိုရရှိစေသည်။ ထိုမှသည် ကျောက်ယွိထိုင်နိုင်ငံတော်ဧည့်ဂေဟာသို့ အသင့်ပြင်ဆင်ထားသော ယာဉ်တန်းဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ ခရီးရောက်မဆိုက်မှာပင် အနားယူချိန်မျှ မထားတော့ဘဲ လိုအပ်သည့်ဆောင်ရွက်ဖွယ်ရာများကို ပြင်ဆင်ပြီးသည်နှင့် နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံ၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအပြန်အလှန်အထောက်အကူပြုလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် လင်ကွမ်းဘုရားကျောင်းသည် ပေကျင်းမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည်။ ဗုဒ္ဓ၏စွယ်တော်၊ ဓာတ်တော်နှင့် ရှေးဟောင်းစေတီတော်များတည်ရှိခြင်းကြောင့် လူသိများသော သမိုင်းဝင်ဗုဒ္ဓဘုရားကျောင်းတစ်ခုလည်းဖြစ်သည်။

ထိုဘုရားကျောင်းမှ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လေးကြိမ်ပင့်ဆောင်ပူဇော်နိုင်ခဲ့သည်မှာလည်း နှစ်နိုင်ငံပြည်သူများ၏ ဘာသာတရားနှင့် ယဉ်ကျေးမှုတို့ချစ်ကြည်ပေါင်းစည်းလျက်ရှိသည့် ခိုင်မာသော သက်သေပြဆိုချက်တစ်ရပ်ပင်ဖြစ်သည်။

ပေကျင်းမြို့သို့ရောက်ရှိပြီး ပထမဆုံးသောနေ့ရက်မှာပင် မိမိတို့အထွတ်အမြတ်ထားရာ ဘာသာတရား၏ အရိပ်အာဝါသကိုခိုလှုံလိုက်ရသဖြင့် နိုင်ငံတော်အကြီးအကဲနှင့်တကွ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရေခြားမြေခြားသို့ ရောက်ရှိနေလင့်ကစား စိတ်ဓာတ်ခွန်အားများတိုးပွားလျက်ရှိသည်။ ဘုရားကျောင်းအတွင်း၌

ညနေခင်းလေပြည်သည် တသုန်သုန်ဆော်သွေးတိုက်ခတ်လျက်။ ငြိမ်းအေးမှု၊ ပေါင်းစည်းညီညွတ်မှုနှင့် ဥာဏ်ပညာ၏ အလင်းဓာတ်တို့ကို ဖော်ညွှန်းနိမိတ်ဆောင်လျက်...။

နိုင်ငံတော်အကြီးအကဲသည် ပြည်ပခရီးစဉ်များ သွားရောက်သည့်အခါတိုင်း မအားလပ်သော လုပ်ငန်းတာဝန်များ အကြားမှပင် အချိန်ကို မရရအောင်ကြံဆထုတ်နုတ်၍ သက်ဆိုင်ရာနိုင်ငံများတွင် ရောက်ရှိတာဝန်ထမ်းဆောင်နေကြသည့် သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးလေ့ရှိသည်။

ယခုခရီးစဉ်၌လည်း ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးသည်။ နိုင်ငံတော်နှင့် လူမျိုးအကျိုးအတွက် ဆောင်ရွက်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို ရှင်းလင်းမှာကြားသည်။ ထို့ပြင် ၎င်းတို့၏ တင်ပြချက်များအပေါ် အရေးတယူနားစွင့်၍ နွေးထွေးကြင်နာမှုကိုပြသသည်။ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။ ယင်းမှာ အကြီးအကဲတစ်ယောက်၏ မိမိနိုင်ငံသားများအပေါ်ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကိုထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်။

ပေကျင်းမြို့၏နံနက်ခင်းသည် မဂ်လာအပေါင်းနှင့် ပြည့်စုံလျက်ရှိသည်။ စက်တင်ဘာလ ၃ ရက်နေ့သည် ကားတရုတ်နိုင်ငံအတွက် ထူးကဲသောနေ့တစ်နေ့ဖြစ်သည်။ ယခုနှစ်တွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်မြောက်သည့်နေ့ဖြစ်ရာ ပို၍ပင် ထူးခြားလေးနက်လို့နေသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် Tian'anmen ရင်ပြင်၌ အထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားကြီးကို ဝှဲချီးကျင်းပခဲ့ပါသည်။

ဂျပန်တို့၏ ကျူးကျော်တိုက်ခိုက်မှုနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်ရေးအတွက်တရုတ်ပြည်သူများ၏ခုခံတော်လှန်ရေးစစ်ပွဲကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် ယခုအခမ်းအနားကြီးကိုကျင်းပခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်ကျင်းပခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းလည်းဖြစ်သည်။ မိမိနိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်နေခြင်းမှာ အတုယူဖွယ်ပင်ဖြစ်သည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့၏ ပထမဆုံးသော လေ့လာရေးခရီးစဉ်အဖြစ် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ သွားရောက်ခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲမှာ လုပ်ငန်းတာဝန်များ တရစပ်ဆောင်ရွက်နေသော်လည်း မောပန်းနွမ်းနယ်ဟန်မရှိ လှိုက်ရှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

ကုမ္ပဏီရုံးခန်းတွင် ခင်းကျင်းပြသထားသည့် TBEA ကုမ္ပဏီမှဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာတစ်ဝန်း စွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်တပ်ဆင်နေမှုအခြေအနေများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကုမ္ပဏီ အစည်းအဝေးခန်းမတွင် ဆက်လက်တွေ့ဆုံကြရာ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အပြန်အလှန်အားဖြင့် ရင်းရင်းနှီးနှီးဆွေးနွေးနိုင်ခဲ့ကြသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်။ နည်းပညာရပ်များက အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားနေကြသည်။ ရပ်တန့်နေခဲ့၍ မရ၊ ကျန်နေခဲ့၍ မရ။ အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသော နည်းပညာမြစ်ကြီးအတွင်း သက်ဆိုင်ရာ ပညာရပ်များကို "ရတဲ့နေရာကယူ၍ လိုတဲ့နေရာမှာပြန်သုံး" နိုင်အောင် တစိုက်မတ်မတ်ချဉ်းကပ်လေ့လာနေရမည်သာဖြစ်သည်။ အကြီးအကဲသည် သည်သဘောကို ကောင်းစွာသိမြင်နားလည်ထားသူပီပီ လေ့လာသင့်လေ့လာထိုက်သည်တို့ကို မနားမနေရှာဖွေဖော်ထုတ်ခြင်းလည်းပြုသည်။ ရောက်အောင်သွား၍ စူးစမ်းခြင်းလည်းပြုသည်။ ယင်းတို့ကိုအခြေခံ၍ စေ့ငုကြံဆခြင်းလည်းပြုသည်။ ဤသည်တို့မှာ မိမိနိုင်ငံ၏ရေခံမြေခံနှင့် သဟဇာတကျကျအကျိုးဖြစ်ထွန်းစေမည့် အကြောင်းတရားများပင်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ထက်သန်တက်ကြွသောဦးဆောင်မှုနှင့်အတူ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ၏ညီညာဖြဖြလိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နေပုံများမှာ အမိမြန်မာနိုင်ငံအတွက် အားတက်ဖွယ်မြင်ကွင်းများပင်ဖြစ်သည်။ ဤသို့လျှင် "ပြည့်အရေးမှန်မြည့်ဆွေးဆံ" စိတ်ဓာတ်ဖြင့် မနားမနေ အားကြိုးမာန်တက် ထမ်းရွက်နေကြသည်မှာကြွားဝင့်သွေမကွာတက်နေပမာညီညာ ဆောင်ထမ်းကြတော့သည်ဟုပင် ညွှန်းဆိုဖွယ်ရာ။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အလုပ်သဘောခရီးစဉ် ဒုတိယပိုင်းအစီအစဉ်မှာ ပြီးဆုံးခဲ့ပြီဖြစ်ရာ စက်တင်ဘာလ ၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့ Beijing Capital International Airport မှ ဟာပင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။ နှစ်ရက်တာမျှ ခေတ္တနေထိုင်ခဲ့သော ပေကျင်းမြို့ကြီးမှာ ဖွေးဖွေးလှုပ်နေသော တိမ်လွှာထုများအောက်တွင် ဝေ့၍ဝေ့၍ ကျန်ရစ်ခဲ့လေပြီ။

အထူးလေယာဉ်ကြီးမှာ အမိနိုင်ငံတော်အတွက် ရွှေရောင်တောက်ပသောနေ့ရက်များကို ထုဆစ်ဖန်တီးလျက်ရှိသည့် နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်များကို တင်ဆောင်ကာ ဟာပင်းမြို့ဆီသို့ ဦးတည်ပျံသန်းလျက်...။ ။

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation visit Beidahaung Smart Agriculture Exhibition Center and Heilongjiang Huida Technology Co., Ltd.

Senior General Min Aung Hlaing being seen off before leaving Taiping International Airport in Harbin for Chengdu in Sichuan province.

Senior General Min Aung Hlaing being welcomed on his arrival in Chengdu Shuangliu International Airport in Chengdu.

Nay Pyi Taw September 5

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who was on a working visit in Harbin, Heilongjiang province, accompanied by Commission Secretary Joint Executive Chief General Ye Win Oo, and other members of the high-level Myanmar delegation, visited Beidahaung Smart Agriculture Exhibition Center at 8.30 am local time today.

The Senior General and party arrived at Beidahaung Smart Agriculture Exhibition Center and were welcomed by officials there.

They watched a video clip on the functions of the Beidahaung Smart Agriculture Exhibition Center, and looked around the displays on a scale model of agricultural undertakings, digitalized automated ploughing, cultivating and harvesting with the use of AI-powered machinery, fertilizing, pesticide-application and seeding with AI-powered drones, turning agricultural raw materials into finished goods for sale, and modern farm machinery produced by the Center.

At the Data Center, the Senior General and party observed AI driven automated transplanters, drone-aided agricultural activities, and irrigation and drainage activities. Regarding the reports presented by officials of the Center, the Senior General asked for more information.

An official of the Center presented a commemorative gift to the Senior General, who in return, presented gifts.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation arrived at Heilongjiang Huida Technology Co., Ltd., and were welcomed by the company officials. The Senior General and party heard a report on the company's advanced agricultural

See Page 13

Senior General Min Aung Hlaing watches a video clip on the functions of the Beidahaung Smart Agriculture Exhibition Center.

Senior General Min Aung Hlaing observes finished products.

Senior General Min Aung Hlaing exchanges gifts with an official of the Beidahaung Smart Agriculture Exhibition Center.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds discussions with party secretary of Sichuan Province

Senior General Min Aung Hlaing holds discussion with Party Secretary of Sichuan Province Mr. Wang Xiaohui.

Nay Pyi Taw September 5 Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently on a working visit to Chengdu, Sichuan Province of the People's Republic of China held discussions with Party Secretary of Sichuan Province Mr. Wang Xiaohui at the Jin Jiang Hotel at 6 pm local time today.

Also present together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, members of the commission, union ministers and the Myanmar ambassador to the People's Republic of China and the party secretary of Sichuan Province was accompanied by members of the provincial government, PRC Ambassador to Myanmar H.E. Ms. Ma Jia and officials.

They frankly exchanged views on development of bilateral relations and cooperation, promotion of trade between Sichuan Province and Myanmar, deployment of relief teams from Sichuan Province during the Mandalay Earthquake and technical cooperation in agriculture, livestock breeding and industrial sectors between Sichuan Province and Myanmar.

After the meeting, the party secretary of Sichuan Province hosted an honorary dinner in honour of the Myanmar high-level delegation led by the Senior General.

100

From Page 12

undertakings worldwide, designing of automated machinery, production and application of agricultural drones, and manufacturing of AI-powered land surveying tools, presented by officials. The Senior General joined in the discussions and asked for more information.

The Senior General then exchanged commemorative gifts with a company official.

The Senior General and high-level Myanmar delegation left Taiping International Airport in Harbin for Chengdu in Sichuan province in the afternoon, and were seen off at the airport by an official with the rank of a deputy minister of Heilongjiang province government and other officials.

The Senior General and delegation arrived in Chengdu Shuangliu International Airport in Chengdu in the evening, and were welcomed by an official with the rank of a deputy minister of Sichuan province and party.

100

Senior General Min Aung Hlaing observes drone-driven agricultural machines.

Senior General Min Aung Hlaing exchanges gifts with an official of Heilongjiang Huida Technology Co., Ltd.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ရုရှားနိုင်ငံက Su-57 တိုက်လေယာဉ်များကို အိန္ဒိယတွင် ထုတ်လုပ်ရန်စီစဉ်နေပြီး လေ့လာမှုများစတင်ပြုလုပ်နေ

ရုရှားနိုင်ငံသည် ၎င်း၏ Su-57 တိုက်လေယာဉ်များကို အိန္ဒိယတွင် ထုတ်လုပ်ရန်စီစဉ်နေပြီး လိုအပ်သောရင်းနှီးမြှုပ်နှံမှုများအတွက် လေ့လာမှုများစတင်ပြုလုပ်နေပြီဖြစ်ကြောင်း အိန္ဒိယသတင်းဌာန ANI ၏ ရေးသားဖော်ပြချက်များကို ကိုးကား၍ The Defense Post သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံသည် ယခင်က ရုရှားနိုင်ငံ ထုတ် စစ်လက်နက်ပစ္စည်းကိရိယာများကိုသာ အဓိကအားထားခဲ့ရပြီး နောက်ပိုင်းမှသာ မူကွဲများဖြင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ယခု Su-57 များကို လက်ရှိ Su-30MKI လေယာဉ်များထုတ်လုပ်ရန် လိုင်စင်ရရှိထားသော Hindustan Aeronautics Limited (HAL) စက်ရုံတွင် ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း အစိုးရတာဝန်ရှိသူများက မှတ်ချက်ပြုခဲ့ကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံရှိ ရုရှားထုတ် စစ်ဘက်သုံးပစ္စည်းများ ထုတ်လုပ်နေသည့် အခြားစက်ရုံများကိုလည်း အသုံးပြုနိုင်ဖွယ်ရှိသည်။ ရုရှားတာဝန်ရှိသူများက အိန္ဒိယအစိုးရကို S-400 နှင့် S-500 လေကြောင်းရန်ကာကွယ်ရေးစနစ်များ ထပ်မံဝယ်ယူရန်လည်း တိုက်တွန်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံ၏ ပဉ္စမမျိုးဆက်တိုက်လေယာဉ်ကို ပူးတွဲထုတ်လုပ်ရန် အစပိုင်းတွင် စီစဉ်ထားသော်လည်း ကုန်ကျစရိတ်ခွဲဝေမှုနှင့် စွမ်းဆောင်ရည်ဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့် ၂၀၁၈ ခုနှစ်တွင် အစီအစဉ်မှ နုတ်ထွက်ခဲ့ရသည်။ သို့သော်လည်း အဆိုပါ ဖြစ်ရပ်၊ ဖြစ်စဉ်၊ အခြေအနေများနှင့် ရင်းနှီးကျွမ်းဝင်သူများက လက်ရှိ ကမ္ဘာ့ပထဝီနိုင်ငံရေးကြောင့် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်နိုင်ခြေရှိသည်ဟု ANI သတင်းဌာနကို ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံလေတပ်(IAF)တွင် လိုအပ်နေသော ပဉ္စမမျိုးဆက်တိုက်လေယာဉ်အုပ် နှစ်အုပ်မှ သုံးအုပ်ထိပိုင်ဆိုင်ထားနိုင်ရန်အတွက်မူ အမေရိကန်နိုင်ငံထုတ် F-35 နှင့် ရုရှားနိုင်ငံထုတ် Su-57 တို့ကို သက်ဆိုင်ရာနိုင်ငံများမှ ကုမ္ပဏီများက ရောင်းချပေးနိုင်ရန် အိန္ဒိယနိုင်ငံလေတပ်အား ကမ်းလှမ်းထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် Su-57 တိုက်လေယာဉ်သည် အိန္ဒိယ၏ ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်ဖြစ်လာနိုင်ခြေရှိနေသည်။ ၎င်းတိုက်လေယာဉ်သည် ဗျုံသန်းနိုင်သည့်အမြင့် မီတာ ၁၈၈၀၀ နှင့် တိုက်ပွဲဝင်နိုင်မှု အကွာအဝေး ကီလိုမီတာ ၁၂၅၀ ဖြင့် F-35 နှင့်ယှဉ်ပြိုင်နိုင်ရန် တီထွင်ထားသည်ဟု သတင်းများက ဖော်ပြခဲ့ကြသည်။ အိန္ဒိယလေတပ်တွင် လက်ရှိအသုံးပြုနေသော Su-30MKI နှင့် MiG-29 အများစုမှာ ရုရှားနိုင်ငံထုတ်ဖြစ်ပြီး ပြင်သစ်ထုတ် Rafales နှင့် ပြည်တွင်းထုတ် Tejas Light Combat Aircraft များလည်းရှိရာ Sukhoi ထုတ် Su-57 တိုက်လေယာဉ်ကို ရွေးချယ်နိုင်ခြေရှိသည်။

ရုရှားနိုင်ငံသည် နောက်ဆုံးပေါ် Su-57 တိုက်လေယာဉ်များကို အိန္ဒိယတွင် ပူးတွဲထုတ်လုပ်ရန် ကမ်းလှမ်းခဲ့မှုသည် အိန္ဒိယကို ၎င်းတို့၏လက်နက်ဖောက်သည်အဖြစ် ဆက်လက်ထိန်းထားရန် ကြိုးစားခြင်းဖြစ်ပြီး အမေရိကန်၏ F-35 ကို ပယ်ချခဲ့သော အိန္ဒိယအတွက်လည်း ရွေးချယ်စရာတစ်ခု ဖြစ်လာစေသည်။ အိန္ဒိယအနေဖြင့် F-35 ကို နည်းပညာမျှဝေမှု ကန့်သတ်ချက်ကြောင့် ငြင်းပယ်ခဲ့သလို Su-57 နှင့်ပတ်သက်ပြီးလည်း သဘောတူညီချက်မရသေးဘဲ ပြည်တွင်းထုတ် AMCA တိုက်လေယာဉ်ကို လာမည့် ၂၀၃၅ ခုနှစ်တွင် အပြီးသတ်ရန် ရည်မှန်းထားသော်လည်း ရုရှားထုတ် Su-57 ကမ်းလှမ်းချက်သည် လက်ရှိကမ္ဘာ့အခြေအနေအရ ပူးပေါင်းဆောင်ရွက်မှု ပြန်စရန် အခွင့်အရေးရှိနေကြောင်း သုံးသပ်ရပါသည်။

Russia Urges India to Buy Su-57 Stealth Fighters, Eyes Local Production ကို ဘာသာပြန်ဆိုထားသည်။

တရုတ်နိုင်ငံက နှစ် ၈၀ ပြည့် အောင်ပွဲနေ့စစ်ရေးပြအခမ်းအနားတွင် လေကြောင်းရန်ကာကွယ်ရေးဖွဲ့စည်းပုံပြသခဲ့

၂၀၂၅ ခုနှစ် စက်တင်ဘာ ၃ ရက် ဗဒ္ဓဟူးနေ့တွင် ကျရောက်သည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ်နေ့ စစ်ရေးပြအခမ်းအနားတွင် လေကြောင်းရန်ကာကွယ်ရေးနှင့် ပဲ့ထိန်းဒုံးကျည် တန်ပြန်ကာကွယ်ရေးစနစ်၊ လက်နက်စနစ်အမျိုးအစားခြောက်မျိုးပါဝင်သည့် လေကြောင်းရန်ကာကွယ်ရေးဖွဲ့စည်းပုံကိုပြသခဲ့ပြီး ၎င်းစနစ်များမှာ ပထမဆုံးအကြိမ် ပွဲထုတ်ပြသခဲ့ခြင်းဖြစ်ကြောင်း Global Times သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်ဘက်ကျွမ်းကျင်သူ တစ်ဦးက Global Times သတင်းဌာနသို့ ပြောကြားရာတွင် အလွှာပေါင်းစုံနှင့် ကဏ္ဍစုံပဲ့ထိန်းဒုံးကျည်တန်ပြန်စနစ် လက်နက်များကို စနစ်တကျ ပွဲထုတ်ပြသနိုင်ခြင်းဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပြည့်စုံသော ပဲ့ထိန်းဒုံးကျည်တန်ပြန်ကာကွယ်ရေးစနစ်ကိုပိုင်ဆိုင်ထားသည့် နိုင်ငံအနည်းငယ်ထဲမှ တစ်နိုင်ငံဖြစ်လာကြောင်းပြသနေပြီး အရေးပါသော မဟာဗျူဟာမြောက် အဓိပ္ပာယ်များရှိကြောင်း ပြောကြားခဲ့သည်။ ယခုအကြိမ်တွင် ပြသခဲ့သော HQ-11၊ HQ-20၊ HQ-22A၊ HQ-9C၊ HQ-19 ၊ HQ-29 ဟူသည့် လက်နက်ခြောက်မျိုးစလုံးသည် တီယန်အာမင်ရင်ပြင်တွင် ပထမဆုံးအကြိမ် ပွဲထုတ်ပြသခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် တာဝေး၊ တာလတ်၊ တာတို လေကြောင်းရန်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်သည့်အပြင် အလွှာပေါင်းစုံနှင့် ကဏ္ဍစုံပဲ့ထိန်းဒုံးကျည်တန်ပြန်စွမ်းရည်များဖြင့် လေကြောင်းနှင့် အာကာသ ကာကွယ်ရေးအတွက် ခိုင်မာအားကောင်းသည့်အဟန့်အတားတစ်ရပ်ကို တည်ဆောက်ပေးပြီး နိုင်ငံ၏ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းကာကွယ်ပေးနိုင်မည်ဖြစ်သည်။

HQ-19 လက်နက်စနစ်ကို ၂၀၂၄ ခုနှစ် တရုတ်လေကြောင်းပြပွဲ(Airshow China) တွင် ပထမဆုံးအကြိမ်ပြသခဲ့သည်။ HQ-19 စနစ်သည် အဓိကအားဖြင့်ဒုံးကျည်များကို အမြင့်ပျံအဆုံးသတ်အပိုင်း (ပစ်မှတ်အနီး)ထိ ကြားဖြတ်ပစ်ချနိုင်စွမ်းရှိပြီး အမြင့်နှင့် အကွာအဝေးစွမ်းရည် ကျယ်ကျယ်ပြန့်ပြန့် တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။ အချက်အခြာဧရိယာကို ကျယ်ပြန့်စွာ လွှမ်းခြုံပေးထားနိုင်ပြီး ရန်သူ့တန်ပြန်ကာကွယ်ရေးစနစ်များကို ထိုးဖောက် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ တရုတ်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးနှင့် ပဲ့ထိန်းဒုံးကျည်တန်ပြန်ကာကွယ်ရေးတွင် အဓိက အားထားရမည့်လက်နက်စနစ်လည်းဖြစ်သည်။ HQ-19 နှင့် နှိုင်းယှဉ်ပါက ယခုပထမဆုံးအကြိမ် ပွဲထုတ်ပြသခဲ့သည့် HQ-29 လက်နက်စနစ်၏ဒုံးကျည်သည် အရွယ်အစားပိုမိုကြီးမားပြီး ရှည်လျားသည်။ ဘီးခြောက်စုံပါဝင်သော ဒုံးကျည်ပစ်လွှတ်ရေး ယာဉ်တစ်စီးပေါ်တွင် ဒုံးကျည်နှစ်စင်း တင်ဆောင်ထားကြောင်း သိရသည်။

HQ-29 သည် လေထုပြင်ပရှိ ရန်သူ့ဒုံးကျည်များကို ကြားဖြတ်ဖျက်ဆီးနိုင်ပြီး ဒုံးကျည်ပျံသန်းမှု အလယ်အဆင့်တွင် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်ကြောင်း သိရသည်။ ၎င်းသည် အဓိကအားဖြင့် တာဝေးတိုက်ခိုက်နိုင်စွမ်းဖြင့် အဆင့်မြင့်ပဲ့ထိန်းဒုံးကျည်များကို ပစ်မှတ်ထားတန်ပြန်နိုင်ကြောင်း စစ်ဘက်ကျွမ်းကျင်သူ Zhang က ပြောကြားခဲ့သည်။

အဆိုပါ အဆင့်မြင့်ပဲ့ထိန်းဒုံးကျည်စနစ်များပေါ်ပေါက်လာခြင်းသည် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်ကာကွယ်ရေးစွမ်းရည်ကို စုစည်းပြသရုံတင်မကဘဲ အဟန့်အတားစွမ်းရည်ကိုလည်း ပြသနေခြင်းဖြစ်ကာ ယခုကဲ့သို့ ပြီးပြည့်စုံသော ပဲ့ထိန်းဒုံးကျည်တန်ပြန်ကာကွယ်ရေးလက်နက်စနစ်များ ပိုင်ဆိုင်ထားခြင်းဖြင့် ရန်သူ၏ မဟာဗျူဟာမြောက် တိုက်ခိုက်လာနိုင်စွမ်းများကို သိသိသာသာ ထိန်းချုပ်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

China debuts HQ-29 antiballistic missile weapon at V-Day military parade ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးမည်

ယခင်နှစ် ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ကျွန်းလှ စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ ၁၃၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဖူးစားပြောင်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဖူးစားပြောင်း ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ပြောင်းသီးနှံ တွေ့ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်ပေးသွားမယ်။ ဖူးစားပြောင်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖုလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

ကွမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

ဝမ်းတွင်း စက်တင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာရှည်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများ၊ အခြားဝင်ငွေတိုးစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးများ ရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုးပွားစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၄ ရက်နံနက်ပိုင်းက ရွာရှည်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွာရှည်ကျေးရွာ၌ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်မှု သတ်မှတ်ပုံစံများ၊ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း ကော်မတီဝင်ငါးဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

အောင်ရဲကျော်

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော ဩဂုတ်လအတွင်း နှံကားစပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှံကားစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၆၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ပြီးခဲ့တဲ့ ဩလိုင်လကထက် ဩဂုတ်လအတွင်းမှာ စပါးတင်းရေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ စက်တင်ဘာလထဲမှာလဲ နှံကားစပါးကို အများအပြားဝယ်ယူရန် ကမ်းလှမ်းချက်ရရှိထားပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နှံကားစပါးများ ပိုမိုတင်ပို့ရောင်းချနေရသောကြောင့် ကုန်သည်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

အောင်လံမြို့နယ် မိုးဖုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

အောင်လံ စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် မိုးဖုန်းကျေးရွာ၌ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ မိုးဖုန်းကျေးရွာ၌ လမ်းအရှည် ပေ ၁၀၀၀၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များအား ကွန်ကရစ်လမ်းကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် ၁၅ သန်း နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သန်း စုစုပေါင်းငွေကျပ် သန်း ၅၀ ဖြင့် ဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် သြဂုတ်လ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

အိုပိုးပိုး

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...
သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...
သင့်ဘဝ သန့်ရှင်းကျန်းမာလုပစေဖို့...
နေ့စဉ်နှင့်အမျှ ရှားပါးလာသော
အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Beidahaung Smart Agriculture Exhibition Center ၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Beidahaung Smart Agriculture Exhibition Center ၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Beidahaung Smart Agriculture Exhibition Center အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Beidahaung Smart Agriculture Exhibition Center မှ တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

အဖွဲ့ဝင်များသည် Beidahaung Smart Agriculture Exhibition Center သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Beidahaung Smart Agriculture Exhibition Center အတွင်း ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် လယ်ယာစိုက်ပျိုးမှု သရုပ်ပြပုံစံငယ်၊ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဖြင့် လူမဲ့နည်းပညာဖြင့် AI စနစ်သုံး စက်ယန္တရားများနှင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများဆောင်ရွက်မှု၊ Ai စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက်လိုအပ်သော မြေဩဇာများ၊ ပိုးသတ်ဆေးများ ကြဲပက်ခြင်းနှင့် မျိုးစေ့များကြဲပက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် Beidahaung Smart Agriculture က ထုတ်လုပ်ထားရှိသည့် အဆင့်မြင့်လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Data Center အတွင်း လူမဲ့နည်းပညာဖြင့် AI စနစ်သုံး ကောက်စိုက်စက်များ၊ Drone များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေသွင်းရေထုတ်လုပ်ငန်းများအား ဆောင်ရွက်နေမှု အခြေအနေများကို တိုက်ရိုက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ Beidahaung Smart Agriculture Exhibition Center မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Heilongjiang Huida Technology Co., Ltd မှ တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Heilongjiang Huida Technology Co., Ltd အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟာပင်းမြို့ Taiping International Airport မှတစ်ဆင့် စီရွှမ်ပြည်နယ် ချန်ဒူးမြို့သို့ထွက်ခွာရာ ဟေလုံကျန်းပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Heilongjiang Huida Technology Co., Ltd သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကုမ္ပဏီမှ နိုင်ငံတကာ၌ အဆင့်မြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မောင်းသူမဲ့စနစ်နှင့် ယာဉ်ယန္တရားများ၏ ဒီဇိုင်းများထုတ်လုပ်လျက်ရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြု Drone များ ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ Ai စနစ်သုံးမြေအခြေအနေတိုင်းတာရေးပစ္စည်းများ ထုတ်လုပ်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ဟာပင်းမြို့ Taiping International Airport မှတစ်ဆင့် စီရွှမ်ပြည်နယ် ချန်ဒူးမြို့သို့ထွက်ခွာကြရာ ဟေလုံကျန်းပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ရောက်ရှိကြရာ စီရွှမ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ရောက်ရှိရာ စီရွှမ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်စဉ်။

ပြင်ဆင်ဖတ်ရှုပါရန်

၅-၉-၂၀၂၅ ထုတ် ရတနာပုံသတင်းစာတွင် ဖော်ပြပါရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Harbin Institute of Technology နှင့် Harbin Electric Coporation သို့ သွားရောက်ကြည့်ရှုလေ့လာ သတင်းစာမျက်နှာ (၁၇)ပါ ပုံစာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ Harbin Institute of Technology ၏ဥက္ကဋ္ဌက အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်စဉ် (အစား) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Harbin Institute of Technology ဥက္ကဋ္ဌထံ အမှတ်တရလက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်စဉ် ဟု ပြင်ဆင်ဖတ်ရှုပါရန်။ စာတည်းအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စီးပွါးရေးနယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ကျေးဇူးမှအဆက်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြပြီး စီးပွါးပြည်နယ်ပါတီ အတွင်းရေးမှူးနှင့်အတူ စီးပွါးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် စီးပွါးပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် စီးပွါးပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ စေလွှတ်ခဲ့မှုအခြေအနေများ၊ စီးပွါးပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို စီးပွါးပြည်နယ်ပါတီ အတွင်းရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၅)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ စတင်၍ အဆင့်လိုက်ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် လွတ်တော်အသီးသီး အတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီး"ဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အထူးအလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် Online Media များပေါ်၌ ရေးသားဖြန့်ဝေခဲ့သူများကို ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်ထိ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု သုံးမှုရှိခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီများ အနေဖြင့် ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများအား Online Media အသုံးပြု ကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်အရေးယူသွားရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ အရိုန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် လျာထားအစီမံများကိုရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပထမနေ့ ပွဲစဉ်ဖြစ်သည့် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၂၆ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲစနစ်သစ် Mixed Member Proportional System (MMP)

ဦးရွှေဦး

နိဒါန်း

ရွေးကောက်ပွဲစနစ် Electoral System ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်သူများကို ကိုယ်စားပြုရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာ၌ အသုံးပြုသည့် စနစ်တစ်ခုပင်ဖြစ်သည်။ ရွေးကောက်ပွဲများတွင် အရေးအကြီးဆုံးမှာ ရွေးကောက်ပွဲစနစ်ပင်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်တစ်ခု ပြောင်းလဲကျင့်သုံးခြင်းသည် နိုင်ငံရေး ပါတီမျိုးစုံပါဝင်နိုင်မှုနှင့် နိုင်ငံရေးစနစ်ပြောင်းလဲမှုကို အရှိန်အဟုန်မြင့်တင်ပေးနိုင်သည်။ တိုင်းရင်းသားကိုယ်စားလှယ်များ စုံညီစွာပါဝင်နိုင်ခြင်းနှင့် အများပြည်သူ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အတွက် တရားဝင်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်ခြင်း အကျိုးတရားများ ရရှိစေနိုင်ပါသည်။

ဒီမိုကရေစီကျင့်စဉ်များတွင် ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် ဥပဒေရေးရာ မူဘောင်များအနက် အရေးကြီးသောကဏ္ဍာတစ်ရပ်ဖြစ်ပါသည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ် တစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့ အပေါ်တွင် နက်နဲစွာအကျိုးသက်ရောက်မှု ရှိနေပါသည်။ ထိုသို့ရွေးချယ်မှုသည် ကြိုတင်မျှော်မှန်းထားသည့် အကျိုးသက်ရောက်မှုများ ရရှိနိုင်သကဲ့သို့ မျှော်မှန်းမထားသည့် အကျိုးဆက်များလည်း ပေါ်ပေါက်စေနိုင်သည်။ အချို့ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်းက ကြီးစိုးသည့်အခြေအနေကို ဖြစ်ပေါ်စေပြီး အချို့ရွေးကောက်ပွဲစနစ်များက ညွှန့်ပေါင်းအစိုးရတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ အချို့ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်များ အားလုံး၏ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များသည် တစ်မဲသာသူက အနိုင်ရရှိပြီး ကျန်မဲဆန္ဒရှင်များ၏ ကိုယ်စားပြုမှုကို လျစ်လျူပြုရာရောက်ခြင်းများလည်းရှိနိုင်ပါသည်။ မည်သည့်ရွေးကောက်ပွဲစနစ်ပင်ဖြစ်စေ လွှတ်တော်များတွင် အားကောင်းမောင်းသန် ဆောင်ရွက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ် လူတော်လူကောင်းများကို ရွေးချယ်ပေးနိုင်ရန် အရေးကြီးပါသည်။ ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့် သင့်လျော်သော ရွေးကောက်ပွဲစနစ်များကို ရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍လည်းကောင်း ရွေးကောက်ပွဲစနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရာတွင် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မြော်တွေး၍ ဆင်ခြင်သုံးသပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ၌ ရွေးကောက်ပွဲစနစ်များကို ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)ဖြင့်လည်းကောင်း၊အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက်ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ်(MMP)ဖြင့်လည်းကောင်း ကျင်းပဆောင်ရွက်မည်ဖြစ်ရာ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ်(MMP)ဖြင့် ဆောင်ရွက်နိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်နယ်အပါအဝင် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၈၄ နယ်၊ အချိုးကျကိုယ်စားပြုစနစ်(PR)ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၂၆ နယ် စုစုပေါင်းမဲဆန္ဒနယ် ၁၁၀၊ တိုင်းဒေသကြီး၊ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ဖြင့် ဆောင်ရွက်ရာတွင် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)ဖြင့် မဲဆန္ဒနယ်၃၂၂နယ်နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၄၂ နယ် စုစုပေါင်းမဲဆန္ဒနယ် ၃၆၄ နယ်ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲစနစ်များ

နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာရာတွင် ရွေးကောက်ပွဲစနစ် လေးမျိုးကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်-

အထက်ပါရွေးကောက်ပွဲစနစ်များအနက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံတွင် မဲအများဆုံးရသူ အရွေးခံရသည့်စနစ် ကျင့်သုံးသည့် နိုင်ငံ ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ၁၁၀ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း အောက်ပါအတိုင်းတွေ့ရှိရပါသည်-

နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်များ

စဉ်	အကြောင်းအရာ	အသုံးပြုနိုင်ငံ	မှတ်ချက်
၁	စာရင်းအလိုက် အချိုးကျ ကိုယ်စားပြုစနစ် (List Proportional Representation-List PR)	၇၄	၇၈
၂	လွှဲပြောင်း၍ရသောမဲပေးစနစ် (Single Transferable Vote- STV)	၄	
၃	ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional - MMP)	၇	၃၃
၄	ပူးတွဲစင်ပြိုင်စနစ် (Parallel System - PS)	၂၆	
၅	အနိုင်ရသူအကုန်ယူစနစ် (First Past The Post-FPTP) စနစ်	၄၉	၇၄
၆	နှစ်ကျော့ပြန်စနစ် (Two Round System- TRS)	၁၉	
၇	ကိုယ်စားလှယ် ဗဟိုပြု ဗဟု/အများစုစနစ် (Block Vote)	၅	
၈	ကြိုက်နှစ်သက်မှဦးစားပေး ဗဟု/အများစုစနစ်(Alternative Vote-AV)	၁	
၉	အခြားစနစ်အသုံးပြုသည့်နိုင်ငံ	၈	

မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲစနစ်များ

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများမှာ ဗြိတိသျှကိုလိုနီခေတ်(၁၉၂၂-၁၉၄၇) ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ လေးကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ဥပဒေပြုလွှတ်တော် နှစ်ရပ်ရှိပြီး အထက်လွှတ်တော်(Senate)နှင့် အောက်လွှတ်တော်(House of Representatives)တို့ ပါဝင်ကြသည်။ အထက်လွှတ်တော်အမတ် ၃၆ ဦးပါဝင်၍ တစ်ဝက်ကို အစိုးရကခန့်အပ်ပြီး တစ်ဝက်ကို အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ အောက်လွှတ်တော်အမတ်များထဲမှ အချိုးကျကိုယ်စားလှယ်(PR) စနစ်ကို ကျင့်သုံးသည်။ လွှတ်လပ်ရေးရပြီးခေတ် (၁၉၄၈-၁၉၆၂)တွင် ရွေးကောက်ပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပါသည်။ ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ် { First Past the Post (FPTP) }ကို ကျင့်သုံးခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ် (၁၉၆၂- ၁၉၈၈)တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ ပါတီစုံဒီမိုကရေစီခေတ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ အထွေထွေရွေးကောက်ပွဲ သုံးကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ရာ နိုင်သူ အကုန်ယူစနစ်ကိုသာ ကျင့်သုံးခဲ့ကြောင်း တွေ့ရှိရပါသည်။

ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် ဆောင်ရွက်ခြင်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးရေးဆိုင်ရာ အဆိုကို အကောင်အထည်ဖော်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်များလည်းရှိခဲ့ပါသည်။ အကောင်ထည်ဖော်ရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာတွင် အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှု သဘောတရားအစုံနှင့် ပြည်သူတို့၏ဆန္ဒအစုံကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူသော ရွေးကောက်ပွဲမျိုး ဖော်ဆောင်လျက် တည်ငြိမ်ပြီး စွမ်းရည်ရှိသော အစိုးရမျိုး ဖွဲ့စည်းနိုင်သည့် ရွေးကောက်ပွဲစနစ်မျိုးဖြစ်ရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ခြောက်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲ၊ ၁၉၆၀ ပြည့်နှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့ကို လေ့လာခဲ့ရာ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနိုင်ရသောမဲများ၏ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိမှုရာခိုင်နှုန်း အချိုးအစားမကျမှု များပြားခဲ့ခြင်းအပေါ် ရွေးကောက်ပွဲစနစ်ကြောင့် ဖြစ်သည်ဟု သုံးသပ်ခဲ့ကြပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလနှင့် အောက်တိုဘာလတို့တွင် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးရေးကို ဆွေးနွေးခဲ့ရာ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ် ၉၃ ဦး၊ စိတ်ပါဝင်စားသူ ဦးရေ ၂၀ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ခဲ့ပြီး နိုင်ငံရေးပါတီ ၁၆ ပါတီက စာတမ်းများ တင်ပြခဲ့သည်။ ထိုစာတမ်းများတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးကိစ္စသည် တစ်မျိုးသားလုံး၏အကျိုးစီးပွားနှင့်သက်ဆိုင်သည့်အပြင် နိုင်ငံတော်၏ သမိုင်းကြောင်း၊ ဖြစ်ပေါ်တိုးတက်လာသည့် နိုင်ငံရေးဖြစ်စဉ်များနှင့်လည်း သက်ဆိုင်နေကြောင်း၊ သမိုင်း၏တောင်းဆိုမှုအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ဆီသို့ အရောက်ချီတက်မည်ဆိုပါက ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးသည် မဖြစ်မနေဖြတ်ကျော်ရမည့် အရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးမှသည် တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးအတွက် လွှတ်တော်အသီးသီးတွင် အားလုံးပါဝင်စေသော ကိုယ်စားပြုမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာရေးကို ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းဖြင့် ပါတီငယ်လေးများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ လွှတ်တော်တွင်း ဝင်ရောက်နိုင်မှုအခွင့်အရေး ပိုမိုရရှိလာနိုင်ခြင်း၊ မဲဆန္ဒရှင် တစ်ဦးချင်း၏ အခွင့်အရေးကို အာမခံနိုင်ခြင်း၊ မဲအဟောသိကံဖြစ်မှု မရှိနိုင်ခြင်း၊ ရွေးကောက်ပွဲများအပေါ် ပြည်သူ စိတ်ဝင်စားမှုရှိလာပြီး မဲလာပေးမှု(Voter Turnout) ကောင်းလာနိုင်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှု (All Inclusiveness) ပိုမိုရရှိလာနိုင်ခြင်း၊ အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးကို လက်တွေ့ကျင့်သုံးလာနိုင်ခြင်း၊ ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးစီးပွားများကို

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

ရရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲပုံစံသစ်ကို အရေးပေါ်ကာလလုပ်ငန်းတာဝန်များ ပြီးဆုံးပြီးနောက် ကျင်းပမည့်ရွေးကောက်ပွဲတွင် စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ရောနှောထားသောကိုယ်စားလှယ်အချိုးကျ Mixed Member Proportional (MMP)စနစ်

MMP စနစ် အသုံးပြုရခြင်း၏ ရည်ရွယ်ချက်သည် အလုံးစုံအချိုးညီမျှမှုရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ရာ မတူညီသည့်ရွေးကောက်ပွဲစနစ် နှစ်ခုကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားရပေသည်။ အများစု ကိုယ်စားပြုမှု(Majoritarian)ရလဒ်ကို မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)ဖြင့် ဦးစွာအတည်ပြု ရွေးချယ်ပေးပြီး ယင်းနောက် ပါတီကိုယ်စားပြုရွေးချယ်မှုကို အချိုးကျကိုယ်စားပြုစနစ် (PR)ဖြင့် အချိုးညီမျှမှုရှိစွာ ဆက်လက်ဆောင်ရွက်သည်။ FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်သည်။ မဲဆန္ဒရှင်များက ကိုယ်စားလှယ်(Constituency Vote)အတွက် FPTP ဖြင့် မဲပေးပြီး ပါတီ (Party Vote) အတွက် PR ဖြင့်မဲပေးရခြင်းဖြစ်သည်။ ပါတီများ၏ ကိုယ်စားလှယ်နေရာခွဲဝေမှုမှာ FPTP ဖြင့် အနိုင်ရထားသည့် ကိုယ်စားလှယ်နေရာများကို ထည့်တွက်ပြီး PR စနစ်ဖြင့် အချိုးကျတွက်ချက်ခွဲဝေသည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် MMP စနစ် ကျင့်သုံးသည့် နိုင်ငံ ခုနစ်နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ဖြင့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ် နှစ်ဦးကျစီဖြင့် ရွေးချယ်ရမည်ဖြစ်သည်။ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့တွင် ဆောင်ရွက်မည့်စနစ်မှာ Mixed Member Proportional (MMP) စနစ်ဖြစ်ပြီး FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်၍ဆောင်ရွက်ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အပါအဝင် FPTP မဲဆန္ဒနယ် ခြောက်နယ်သတ်မှတ်ပြီး ကိုယ်စားလှယ် တစ်ဦးကျစီဖြင့် ခြောက်ဦးကို FPTP စနစ်ဖြင့် ဦးစွာ ရွေးကောက်တင်မြှောက်ရပါမည်။ ထို့နောက် မြို့နယ်အရေအတွက်နှင့် လူဦးရေအချိုးတို့အရ PR မဲဆန္ဒနယ်များကို သတ်မှတ်ပြီး FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ ရရှိသည့်မဲများကို ပါတီအသီးသီးကရရှိသည့် မဲများအဖြစ် သတ်မှတ်၍ PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ် ခြောက်ဦးကို အချိုးကျကိုယ်စားပြုစနစ်(Closed List PR) စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အားလုံးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးကို ရွေးချယ်ပေးရမည်ဖြစ်သည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ် တစ်မြို့နယ်လျှင် ကိုယ်စားလှယ် နှစ်ဦး ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ ကိုယ်စားလှယ် တစ်ဦးကို FPTP စနစ်ဖြင့်လည်းကောင်း၊ ကျန်ကိုယ်စားလှယ် တစ်ဦးကို (Closed List PR)စနစ်ဖြင့်လည်းကောင်း ရွေးကောက်တင်မြှောက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့နယ်များကို မြို့နယ်တစ်မြို့နယ်တွင် FPTP မဲဆန္ဒနယ် တစ်နယ်သတ်မှတ်၍ ကိုယ်စားလှယ်တစ်ဦးစီကို ဦးစွာရွေးချယ်တင်မြှောက်ရမည်။ ထို့နောက် မြို့နယ်အရေအတွက်နှင့် လူဦးရေအချိုးတို့အရ PR မဲဆန္ဒနယ်များကို သတ်မှတ်ပြီး FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ ရရှိသည့် မဲများကို ပါတီအသီးသီးကရရှိသည့် မဲများအဖြစ် သတ်မှတ်၍ PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ် တစ်ဦးကို အချိုးကျကိုယ်စားပြုစနစ်(Closed List PR)စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ အထက်ပါအတိုင်း မတူညီသော ရွေးကောက်ပွဲစနစ် နှစ်ခုကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် MMP စနစ်သည် FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ အချိုးညီမျှမှုများကို တပေါင်းတည်းရရှိနိုင်မည်ဖြစ်ပါသည်။

အီတလီနိုင်ငံ

အီတလီနိုင်ငံ၌ ပါလီမန်ကို အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဟူ၍ လွှတ်တော် နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော် နှစ်ရပ်လုံး၏ ရွေးကောက်ပွဲကို Mixed System အသုံးပြု ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်ကို ကိုယ်စားလှယ်ဦးရေ ၄၀၀ ဖြင့် ဖွဲ့စည်းထားပြီး ကိုယ်စားလှယ်စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းဖြစ်သည့် ၁၄၇ နေရာကို FPTP စနစ်ဖြင့်လည်းကောင်း၊ ၆၃ ရာခိုင်နှုန်းဖြစ်သည့် ၂၅၃ နေရာကို PR စနစ်ဖြင့် လည်းကောင်း ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် တစ်ဦးလျှင် ဆန္ဒမဲလက်မှတ် တစ်စောင်ဖြင့် ဆန္ဒပြုမဲပေးရမည်ဖြစ်သည်။ အဆိုပါ ဆန္ဒမဲလက်မှတ်တွင် ကိုယ်စားလှယ်အမည်နှင့် ပါတီအမည် ပါဝင်မည်ဖြစ်ရာ မဲဆန္ဒရှင် ဆန္ဒပြုရွေးချယ်လိုက်သည့် ကိုယ်စားလှယ်လောင်းသည် FPTP စနစ်ဖြင့် မဲဆန္ဒနယ် အလိုက် ကိုယ်စားလှယ်များ ရွေးချယ်မှုတွင် ထည့်သွင်းတွက်ချက်သွားမည်ဖြစ်ပြီး ယင်းကိုယ်စားလှယ်လောင်း ကိုယ်စားပြုသည့်ပါတီသည် PR စနစ်ဖြင့် ပါတီကိုယ်စားပြုစာရင်းတွင် ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ စနစ်နှစ်မျိုးဖြင့် ကိုယ်စားလှယ်များ ရွေးချယ်မှုသည် သီးခြားစီတွက်ချက်ရွေးချယ်သွားခြင်းဖြစ်သည်။

ဟန်ဂေရီနိုင်ငံ

ဟန်ဂေရီနိုင်ငံတွင် အမျိုးသားလွှတ်တော်(National Assembly)ဟုခေါ်သော လွှတ်တော် တစ်ရပ်သာ ရှိသည်။ အမျိုးသားလွှတ်တော်(National Assembly) တွင် ကိုယ်စားလှယ် ၁၈၉ ဦးရှိပြီး မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၁၀၆ ဦးနှင့် လူမျိုးစုကိုယ်စားပြု ကိုယ်စားလှယ် ၉၃ ဦးတို့ပင်ဖြစ်သည်။ မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ်များ FPTP စနစ် အသုံးပြု ရွေးကောက်တင်မြှောက်ပြီး လူမျိုးစုကိုယ်စားပြု ကိုယ်စားလှယ်များကို Closed List PR အသုံးပြု ရွေးကောက်တင်မြှောက်သည်။ မဲဆန္ဒရှင်တစ်ဦးလျှင် ဆန္ဒမဲလက်မှတ် နှစ်စောင်ဖြင့် ဆန္ဒပြုရသည်။ ပထမမဲ (First Vote)သည် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၁၆၆ ဦးအတွက်ဖြစ်ပြီး ဒုတိယမဲ(Second Vote) သည် နိုင်ငံရေးပါတီနှင့် လူမျိုးစုကိုယ်စားပြုကိုယ်စားလှယ် ၉၃ ဦးအတွက်ဖြစ်သည်။ Threshold သတ်မှတ်ချက်အနေဖြင့် ပါတီတစ်ပါတီသည် ပါတီခိုင်လုံမဲ အနည်းဆုံး ငါးရာခိုင်နှုန်း၊ ပူးတွဲပါတီ နှစ်ပါတီဖြစ်ပါက ခိုင်လုံမဲ ၁၀ ရာခိုင်နှုန်း၊ ပူးတွဲပါတီ သုံးပါတီဖြစ်ပါက ခိုင်လုံမဲ ၁၅ ရာခိုင်နှုန်းရရှိမှသာလျှင် လွှတ်တော်တွင်း ကိုယ်စားလှယ်နေရာရရှိခွင့်ရှိမည်ဖြစ်သည်။ ကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်ရာတွင် D'Hondt method အသုံးပြု၍ ခွဲဝေသတ်မှတ်သည်။

FPTP ၊ PR ၊ MMP စနစ်တို့၏ မျှဝေမှုနှင့် နှိုင်းယှဉ်မှုဇယား

စနစ်	FPTP	PR	MMP
စနစ်ရိုးရှင်း	✅	❌	❌
တရားမျှတမှု	❌	✅	✅
တိုင်းရင်းသား/လူနည်းစုပါဝင်မှု	❌	✅	✅
အစိုးရတည်ငြိမ်မှု	✅	❌	✅
ပါတီငယ်များပါဝင်နိုင်မှု	❌	✅	✅
စနစ်နားလည်ရလွယ်မှု	✅	❌	❌

MMP စနစ်သည် တရားမျှတမှု၊ တိုင်းရင်းသားလူနည်းစုပါဝင်မှု၊ အစိုးရတည်ငြိမ်မှု၊ ပါတီငယ်များ ပါဝင်နိုင်မှု အားသာချက်များရှိကြောင်း တွေ့ရှိရသည်။ FPTP စနစ်၏အားသာချက်မှာ ရိုးရှင်းပြီး တည်ငြိမ်သည့်အစိုးရ ဖွဲ့စည်းနိုင်သည်။ အားနည်းချက်အနေဖြင့် အဟောသိကံဖြစ်သောမဲများ ပါဝင်ပြီး ပါတီငယ်များအတွက် ကိုယ်စားလှယ်ရရှိမှုနည်းပါးသည်။ PR စနစ်၏အားသာချက်မှာ မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှုပိုမိုမျှတပြီး လူနည်းစု တိုင်းရင်းသားပါတီငယ်များ အခွင့်အရေးပိုမိုရရှိသည်။ အားနည်းချက်အနေဖြင့် ညွှန့်ပေါင်းအစိုးရများဖြစ်ပေါ်နိုင်ပြီး လွှတ်တော်အတွင်း ဆုံးဖြတ်ချက်ချရန် နှောင့်နှေးမှုများ ရှိလာနိုင်သည်။ MMP စနစ်၏အားသာချက်မှာ FPTP စနစ်၏ ရိုးရှင်းမှုနှင့် PR စနစ်၏မျှတမှုတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဒေသဆိုင်ရာ ကိုယ်စားပြုမှုနှင့် ပါတီအချိုးကျကိုယ်စားပြုမှုတို့ကို ဟန်ချက်ညီစေသည်။ အားနည်းချက်အနေဖြင့် စနစ်မှာ အနည်းငယ်ရှုပ်ထွေးပြီး မဲရေတွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိလာနိုင်သည်။

နိဂုံး

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အပြင် နိုင်ငံရေး ပါတီများမှာလည်း တစ်နိုင်ငံလုံးစည်းရုံးမည့် ပါတီကြီးများအပြင် ဒေသတွင်းစည်းရုံးသည့် ပါတီများ၊ တိုင်းရင်းသားလူမျိုးစုပါတီများ၊ နိုင်ငံရေးခံယူချက်ဖြင့် ဖွဲ့စည်းသည့်ပါတီများ၊ ပါတီအရေအတွက် စုံလင်များပြားစွာဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်၍ MMP စနစ်သည် အထက်ပါသုံးသပ်ချက်များအရ မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံးစနစ်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ FPTP နှင့် Constituency Vote များအပေါ်တွင် အခြေတည်ထားသည့်အတွက် တည်ငြိမ်သောအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်မှုမြင့်မားခြင်း၊ PR စနစ်အပေါ်တွင် အခြေခံထားသောကြောင့် ပါတီကြီးများအပြင် တိုင်းရင်းသားပါတီများ ပါဝင်ခွင့်ရှိခြင်း၊ လူပုဂ္ဂိုလ် (ပါတီကိုယ်စားလှယ်)နှင့် ပါတီကို မဲပေးဆောင်ရွက်ရသဖြင့် ပြည်သူ့စိတ်ကြိုက်ရွေးချယ်တင်ပြနိုင်ခြင်း၊ ပြည်သူ့ရွေးချယ်

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာနှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၅ တရုတ် - မြန်မာ Twin City မီဒီယာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်

ကူမင်း စက်တင်ဘာ ၅

တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာနှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ရှန်ဂရီလာ JEN ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဖိန်းယန့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက မစ္စတာရှီကျင့်ဖျင်၏ တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှုစာအုပ်ပြပွဲနှင့် ယူနန်ပြည်နယ်ဆိုင်ရာပြခန်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းရင်းသားသံစုံတေးသီချင်းဖြင့် ကြိုဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဖိန်းယန့်နှင့် တရုတ်နေ့စဉ်သတင်းစာဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အယ်ဒီတာချုပ် မစ္စတာ ချီယင်ဖူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၅ တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်သည့် အောင်မြင်မှုရလဒ်များကို ထုတ်ပြန်သည်။

ထို့နောက် မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း စတင်လည်ပတ်ခြင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များက စုပေါင်းဖွင့်လှစ်ပေးကြပြီး ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ အနုပညာရှင်များက "ပခန်းယိမ်း" အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တျန်းချစ်ပညာရှင်များ တွေ့ဆုံပွဲကို ကျင်းပရာ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးအတွက် "အပြန်အလှန်သင်ယူကိုးကားမှုများဖြင့် ဖွံ့ဖြိုးတိုးတက်ရန်" ဆိုသည့် ခေါင်းစဉ်ကို ရွေးချယ်ထားခြင်းသည် အလွန်သင့်မြတ်ပြီး အရေးပါသည့် အဓိပ္ပာယ်ကို ပေါ်လွင်စေပါကြောင်း။

ယနေ့ခေတ်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှသည် ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေး၊ နည်းပညာနှင့် လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လာနေသည့် ဒေသများဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိလာခြင်းသည် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြား အပြန်အလှန်သင်ယူမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မီဒီယာပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသည်ဟု မိမိသိမြင်ယုံကြည်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများက မီဒီယာများနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေပါကြောင်း၊ အလားတူ အာဆီယံနိုင်ငံများ အပြင် အခြားနိုင်ငံပေါင်းများစွာနှင့်လည်း မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေပါကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံက မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ မကြာသေးခင်ကပင် မဲခေါင်နိုင်ငံများ စုပေါင်းပါဝင်သော Mekong Look App တွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် ABU, AIBD စသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများတွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ထိုအဖွဲ့အစည်းများက ကြီးမှူးပြီးပြုလုပ်သည့် Media Training၊ Workshop၊ နည်းပညာဆိုင်ရာသင်တန်းများကို Online နှင့် လူကိုယ်တိုင် ပါဝင်တက်ရောက်ပြီး သင်ယူလေ့လာအသုံးပြုမှုများ ဆောင်ရွက်နေပါကြောင်း။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့်လည်း ယမန်နှစ်က လေးကြိမ်မြောက် တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်ကို ပူးပေါင်းကျင်းပခဲ့ပါကြောင်း၊ မီဒီယာမှတစ်ဆင့် ယဉ်ကျေးမှုဖလှယ်ခြင်းများကို နှစ်နိုင်ငံ ပြည်သူများသိရှိနားလည်အောင် ပူးပေါင်းရိုက်ကူးထုတ်လုပ်ပေးခြင်းများ၊ အပြန်အလှန်သွားလာပြီး ပူးပေါင်းရိုက်ကူးရေး ဆောင်ရွက်ခြင်းများကိုလည်း ယခုထက်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သင့်သည်ဟု မြင်ပါကြောင်း၊ သို့မှသာ နှစ်နိုင်ငံပြည်သူများအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးပွားလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်းများစွာနှင့်ပူးပေါင်းပြီး ရိုက်ကူးရေးလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ ယနေ့ကျင်းပသည့်ဖိုရမ်မှတစ်ဆင့် အပြန်အလှန်သင်ယူမှု၊ ဆန်းသစ်သောနည်းလမ်းများ ဖန်တီးမှုနှင့် တာဝန်ရှိသည့် သတင်းများ ဖြန့်ဝေမှုများက တောင်အာရှနှင့် အရှေ့တောင်အာရှဒေသမှ နိုင်ငံတစ်ခုချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအတွက်ပါ အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်လာမည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ "နယ်စပ်ကို ဖြတ်ကျော်၍ လက်ချင်းတွဲထားသည်" ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းမီဒီယာအဖွဲ့ အမှုဆောင်အတွင်းရေးမှူး ဝူရှီတို့ တွေ့ဆုံ ဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သတင်းမီဒီယာ ကဏ္ဍတွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းတု၊ သတင်းမှားများကို သတင်းအမှန်များဖြင့် ပူးပေါင်းတိုက်ဖျက်ရေး၊ မကြာမီကျင်းပမည့် မြန်မာနိုင်ငံ ရွေးကောက်ပွဲ အောင်မြင်ရန်အတွက် မီဒီယာကဏ္ဍက ဝိုင်းဝန်းကူညီအားဖြည့်ဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံ သတင်းမီဒီယာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ၂၀၂၅ တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်နှင့် "မင်္ဂလာစကားမိတ်ဆက်"၊ "ပေါက်ဖော်မေတ္တာနွေးထွေးစွာ တရုတ်-မြန်မာ" စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ မီဒီယာများနှင့် မိတ်ဖက်ချစ်ကြည်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ငလျင်ဘေးသင့်ဒေသများသို့ ယူနန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့ သွားရောက်ကယ်ဆယ်ခဲ့သည့် Video Clip ကို ပြသ၍ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးဦး၊ ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်ဦး၊ မန္တလေးအဝေးသင် တက္ကသိုလ်မှ ဥပဒေအထူးပြုကျောင်းသူ မနေခြည်အောင်မြင့်နှင့် တာဝန်ရှိသူများက မန္တလေးမြေငလျင်ကြီးနှင့်ပတ်သက်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ကယ်ဆယ်ရေးနည်းလမ်းများနှင့် ဘာသာစကားက နယ်နိမိတ်မဲ့၍ ချစ်ခြင်းမေတ္တာ အတားအဆီးမရှိခြင်းနှင့် ပတ်သက်ပြီး အပြန်အလှန်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ "မီဒီယာချင်းလက်တွဲ၍ အနာဂတ်သို့ လျှောက်လှမ်းမည်"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကိုကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစုပါတီကော်မတီဝင် ဒုတိယအယ်ဒီတာချုပ် ဝမ်ထင်ရောင်၊ မြန်မာနိုင်ငံ ရွှေဇာမဏိတရုတ်သတင်းစာတာဝန်ခံ ဒေါ်ချိုသက်ထွန်းနှင့် တယ်ဟုန်ပြည်နယ်ခွဲ သတင်းရုံးခန်းဌာနမှူး လီဇုန်းမင်တို့က ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းမှ ဦးမြတ်ခိုင်တို့အပါအဝင် မြန်မာပုဂ္ဂလိကမီဒီယာအဖွဲ့နှင့် တရုတ်မီဒီယာအဖွဲ့မှ ကိုယ်စားလှယ်များက နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် AI နည်းပညာကို အသုံးပြု၍ သတင်းမီဒီယာ လုပ်ငန်းများ မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ 1903 ပန်းခြံ၌ ကျင်းပသည့် "တောင်ပိုင်းဒေသညချမ်း" ပဒေသာကပွဲနှင့် "ချည် Show ပိုးဖဲအနီးအနားတဖွဲဖွ" ယဉ်ကျေးမှုစျေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများက တရုတ်-မြန်မာစျေးပွဲတော်နှင့် တရုတ်-ကမ္ဘောဒီးယား စျေးပွဲတော်တို့ကို ဖွင့်လှစ်ပေးကြပြီး တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား သုံးနိုင်ငံ အနုပညာရှင်များ စုပေါင်းတင်ဆက်သည့် Flash Light ဖျော်ဖြေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "ရွှေလက်ကမ်း၍ ကြိုလျှက်ပါ" အကဖြင့် ဖျော်ဖြေမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ "နန်းကြာညိုကြေ့" အကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တရုတ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ပြခန်းများ၌ ခင်းကျင်းပြသထားသည့် နိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံက ဝင်ရောက်ပြသသည့် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လက်မှုပညာပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လက်ဆောင်ပစ္စည်းအရောင်းပြခန်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသများနှင့် မြန်မာနိုင်ငံ၏တောတောင်ရေမြေ သဘာဝရှုခင်းများပြခန်း၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါစျေးပွဲတော်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှမှ စီးပွားရေးလုပ်ငန်းရှင်ဦးရေ ၁၅၀ ကျော်က နိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများအပြင် ယူနန်ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်များနှင့် ယူနန်ပညာရေးပြခန်းတို့ကို ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နှင့် ဗထူးတပ်မြို့တို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံများ၊ ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

(၅၀၁)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Shwe Yer Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ သန်းဆွေအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၂၀ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၅

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၃၀ ရက် မှ ၁၀ နာရီတွင် သတင်းအရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စု နားယုန့်ကျေးရွာအနီးတွင် မက်မန်းမြို့ဘက်မှ မိုင်းပျဉ်းမြို့ဘက်သို့ စိုင်းဦးသီလ(ခ)စိုင်းရွက် မောင်းနှင်လာသည့် TOYOTA KLUGER မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၄၂၀ (၎င်းဒေသတန်ဖိုး ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံ)အား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များကို မက်မန်းမြို့နယ် တာကော်လေးကျေးရွာအနီးမှ မိုင်းပျဉ်းမြို့နယ် နားယုန့်ကျေးရွာအနီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

ပြစ်မှုကျူးလွန်သူ စိုင်းဦးသီလ(ခ)စိုင်းရွက်ကို ဖမ်းဆီးရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)၊ မော်တော်ယာဉ်နှင့်အတူ တွေ့ရစဉ်။

❖ **လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်မှ**

ပေါ်ကြွယ်ဝလာစေရန်ရည်ရွယ်၍ မူလကုန်းမြေ ဧရိယာ ၅၀၆၁၇ ဒသမ ၆၂ ဧကကို ကုန်းမြေ ၅၇၃၄၄ ဒသမ ၀၃ ဧကနှင့် ရေပြင် ၂၄၂၅၄ ဒသမ ၆ ဧက စုစုပေါင်း ၃၀၀၁၆၈ ဒသမ ၆၃ ဧကဖြင့် "လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာ ပြင်ဆင်သတ်မှတ်ခြင်း"ကို အမိန့်ကြော်ငြာစာအမှတ်(၇၉ /၂၀၂၅)အရ ၁၃၈၇ ခုနှစ် တော်သလင်းလဆန်း ၆ ရက်(၂၀၂၅ ခုနှစ် သြဂုတ်လ ၂၈ ရက်)မှစ၍ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာခဲ့သည်။

မြန်မာနိုင်ငံ၏ပထမဆုံးသော အဏ္ဏဝါအမျိုးသားဥယျာဉ်ဖြစ်သည့် လန်ပိအဏ္ဏဝါ မျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၎င်းဒေသ၏ထူးခြားမှု အရေးပါသော ဂေဟစနစ်များ၊ မျိုးစိတ်များ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ တည်ရှိမှုနှင့် ၎င်းတို့အကြား သဟဇာတဖြစ်စွာတည်ရှိနေမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ အဏ္ဏဝါအမျိုးသားဥယျာဉ်၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသနေရာများဖြစ်ပြီး ကျန်ဧရိယာများသည် အမြဲစိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော နှစ်ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတော တစ်ရာခိုင်နှုန်းတို့ဖြစ်သည်။

အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၁၉ မျိုး၊ ငှက်မျိုးစိတ် ၂၂၈ မျိုး၊ တွားသွားသတ္တဝါ ၁၉ မျိုး၊ ကုန်းနေ

ရေနေသတ္တဝါ ၁၁ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်းမျိုးစိတ် ၄၂ မျိုး၊ အပင်မျိုးစိတ် ၁၉၅ မျိုး၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး၊ ပင်လယ်ရေမှော် ၇၃ မျိုး၊ အပင်မျှော Phytoplankton မျိုးစိတ် ၁၃၆ မျိုး၊ အကောင်မျှော Zooplankton မျိုးစိတ် ၁၅၀၊ ဒီရေတောပင်မျိုးစိတ် ၆၃ မျိုးနှင့် သန္တာကျောက်တန်းများ တွေ့ရှိရသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာအတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်များဖြစ်သည့် ရေဝက်(Dugong)၊ ပြင်သာလိပ်၊ မလေးသင်းခွေချပ်နှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်များဖြစ်သည့် ဖျံအမွေးနု၊ မျောက်ပုတီး၊ မျောက်လေပွေ၊ ချေလှောင်၊ လင်းဆွဲများလည်း ကျက်စားလျက်ရှိပြီး သန့်ရှင်းလှပသောကမ်းခြေများနှင့် ပင်လယ်ရှုခင်းများ၊ ဒီရေတောမြစ်ဝနှင့် ပင်လယ်လိပ်များ ဥဥချသည့် လိပ်သောင်များနှင့် မူလဒေသခံများဖြစ်သည့် မော်ကင်း(ခေါ်) ဆလုံလူမျိုးများ၏ရိုးရာဓလေ့ထုံးတမ်းများသည် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ အလွန်ထူးခြားထင်ရှားသောတန်ဖိုးများ ဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အခွင့်အလမ်းများဖြစ်သည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ဧရိယာပြင်ဆင်သတ်မှတ်ခြင်းဖြင့် ကမ်းရိုးတန်းဒေသရှိ ဧဝမျိုးစုံမျိုးကွဲများ၊ ဒီရေတောဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ခြင်း၊ ကမ္ဘာ့စျေးကွက်ဝင် အရည်အသွေးမြင့် မြန်မာ့ပုလဲများထွက်ရှိရာ ဒေသတစ်ခုဖြစ်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသတွင် ကျက်စားနေထိုင်သည့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းများထောက်ပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ ကျွန်းအနေအထားများကိုအခြေပြု၍ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

၂၀၂၅ ခုနှစ် စက်တင်ဘာ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်း ၅၉၅၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Gold Country တွင် လောင်ကျွမ်းနေသောတောမီး နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနေ

ဝါရှင်တန် စက်တင်ဘာ ၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Gold Country တွင် စက်တင်ဘာ ၃ ရက်က စတင်လောင်ကျွမ်းနေသော တောမီးသည် စက်တင်ဘာ ၄ ရက်တွင် နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနေကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နေအိမ်များဆီသို့ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ် Gold Country တွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံအမြောက်အများရှိနေပြီး ကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးနေရကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၈က ၁၃၀၀၀ ထိ လောင်ကျွမ်းပျက်စီးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၀၀ ကျော်ထိ ရှိကြောင်း သိရသည်။

"အရေးကြီးတဲ့ အရင်းအမြစ်အားလုံး ဘေးကင်းဖို့အတွက် ဆောင်ရွက်ထားပြီးဖြစ်သလို ပြည်သူတွေ အန္တရာယ်ကင်းဖို့လဲ အကောင်းဆုံး ကြိုးစားပေးနေပါတယ်။ တောမီးဟာ မိုးကြိုးပစ်ရာကနေ လောင်ကျွမ်းခဲ့တဲ့ တောမီးဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ဖက်ဒရယ်အစိုးရကလဲ ကူညီပေးနေသလို အခြားပြည်နယ်တွေက မီးသတ်တပ်ဖွဲ့ဝင်တွေကလဲ လာရောက်ကူညီပေးနေပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ် ဝန်ကြီးချုပ် ဂါဗင်နယူးဆမ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ တတိယမြောက်ငလျင် လှုပ်ခတ်ခဲ့သောကြောင့် သေဆုံးသူ ဦးရေ ၂၂၀၀ ကျော်ထိရှိလာ

ကဘူးလ် စက်တင်ဘာ ၅

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် စက်တင်ဘာ ၄ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိသည့် တတိယမြောက်ငလျင် လှုပ်ခတ်ခဲ့သောကြောင့် သေဆုံးသူဦးရေ ၂၂၀၀ ထိ ရှိလာကြောင်း အာဖဂန်နစ္စတန် အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် သြဂုတ် ၃၁ ရက်က တစ်ကြိမ်၊ စက်တင်ဘာ ၂ ရက်က တစ်ကြိမ် လှုပ်ခတ်ခဲ့ပြီး လူဦးရေ ၁၄၀၀ ကျော် သေဆုံးခဲ့ကြောင်း၊ ထို့ပြင် စက်တင်ဘာ ၄ ရက် ညပိုင်းတွင် တတိယအကြိမ်မြောက်အဖြစ် ငလျင်ထပ်မံလှုပ်ခတ်ခဲ့ပြီး သေဆုံးသူ ဦးရေ ၂၂၀၀ ကျော်ထိ ရှိလာခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၃၆၀၀ ကျော်ထိ ရှိလာကာ အိမ်ခြေရာခြေမဲ့ ဦးရေ ၁၀၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

"တတိယမြောက်ငလျင်ထပ်မံလှုပ်ခတ်ခဲ့ပါတယ်။ တတိယမြောက်ငလျင် လှုပ်ခတ်မှုအပြီးမှာ သေဆုံးသူ အယောက် ၂၂၀၀ ကျော်လာခဲ့ပြီဖြစ်သလို ထိခိုက်ဒဏ်ရာရရှိသူ အယောက် ၃၆၀၀ ကျော်လာပြီလဲ ဖြစ်ပါတယ်။ ငလျင်လှုပ်ခတ်ခဲ့တဲ့ ကူနာစီရင်စုက မြို့တွေတောင်တောင်များများမှာတော့ အိမ်ခြေရာခြေမဲ့သူ အယောက် ၁၀၀၀၀ ကျော်လာခဲ့ပြီဖြစ်ပါတယ်။ အစိုးရအနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေသလို နိုင်ငံတကာကလဲ ကူညီပံ့ပိုးမှုတွေ ရောက်ရှိလာပြီဖြစ်ပါတယ်"ဟု တာလီဘန် အစိုးရမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

၂၀၂၇ ခုနှစ် COP32 ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေး အီသီယိုးပီးယားနိုင်ငံက လျှောက်ထား

အဒစ်အဘာဘာ စက်တင်ဘာ ၅

တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးညီလာခံ(COP32)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် အီသီယိုးပီးယားနိုင်ငံက ကုလသမဂ္ဂထံ လျှောက်ထားခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် COP30 ညီလာခံကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး အီသီယိုးပီးယားနိုင်ငံ အနေဖြင့်လည်း ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကို ကုလသမဂ္ဂ၏ သဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်နေသည်ကို ပြသလိုကြောင်း၊ သို့သော်လည်း COP32 ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် အာဖရိကတိုက်မှ နိုင်ငံပေါင်း ၅၄ နိုင်ငံထိ လျှောက်ထားမှု ပြုလုပ်ထားပြီး ကုလသမဂ္ဂ အဖွဲ့အစည်းက ရွေးချယ်စိစစ်ကာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရမည့်နိုင်ငံကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အီသီယိုးပီးယားအစိုးရက ထုတ်ပြန်ခဲ့သည်။

"COP32 ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့အတွက် ကြိုးစားနေပါတယ်။ ကျွန်တော်တို့မှာ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခွင့်ရဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ အကုန်ပြည့်စုံပါတယ်"ဟု အီသီယိုးပီးယားသမ္မတ တာယီက ပြောကြားခဲ့သည်။

အီသီယိုးပီးယားနိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် အလေးထားဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်တွင်းသို့ လျှပ်စစ်မော်တော်ကားမဟုတ်သည့် မော်တော်ယာဉ်များ တင်သွင်းခွင့်ကို ပိတ်ပင်ထားသော ပထမဆုံး ကမ္ဘာ့နိုင်ငံလည်းဖြစ်ကြောင်း၊ ရုပ်ကြွင်းလောင်စာနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြင့် အစားထိုးနိုင်ရေးအတွက် ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကို အလေးထားဆုံးသော နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

တရုတ်နိုင်ငံတွင် ရေဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးကဏ္ဍမှ ပျက်စီးဆုံးရှုံးမှုများအတွက် ကန်ဒေါ်လာ ၁၃၁ သန်း ပံ့ပိုးပေးမည်

ပေကျင်း စက်တင်ဘာ ၅

တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ခဲ့ရသဖြင့် စိုက်ပျိုးရေးကဏ္ဍမှ ပျက်စီးဆုံးရှုံးမှုများအတွက် အမေရိကန်ဒေါ်လာ ၁၃၁ သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော ဆည်မြောင်းများကို ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်သကဲ့သို့ စိုက်ပျိုးထုတ်ကုန်များအတွက်လည်း လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစေ့များကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သကဲ့သို့ သီးနှံများ စိုက်ပျိုးရေးအတွက်လည်း ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်အတွင်း မိုးရေချိန်မြင့်မားစွာ ရွာသွန်းခဲ့ပါတယ်။ မိုးရေချိန်မြင့်မားမှုကြောင့် ရေကြီးရေလျှံမှုပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး စိုက်ပျိုးရေးကဏ္ဍက တော်တော်လေးကို ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေအတွက် တောင်သူတွေကို ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးသွားမှာပါ။ ပြန်လည်ပြုပြင်ရမဲ့ ကဏ္ဍတွေကိုလဲ ပြန်လည်ပြုပြင်ပေးသွားမှာ ဖြစ်ပါတယ်။ အစိုးရကလဲ စိုက်ပျိုးရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၃၁ သန်းထိ ကူညီပေးသွားဖို့ ခွင့်ပြုထားပါတယ်"ဟု တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းသို့ ဦးတည်လာသော ပီပါအပူပိုင်းမုန်တိုင်း ကိုချိစီရင်စုသို့ စတင်ဝင်ရောက်နေပြီဖြစ်

တိုကျို စက်တင်ဘာ ၅

ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်လာသည့် ပီပါအပူပိုင်းမုန်တိုင်းသည် ယနေ့တွင် ကိုချိစီရင်စုသို့ စတင်ဝင်ရောက် တိုက်ခတ်နေပြီဖြစ်ကြောင်း Japan Meteorological Agency(JMA)က ထုတ်ပြန်ခဲ့သည်။

ပီပါ အပူပိုင်းမုန်တိုင်းသည် ကိုချိစီရင်စုရှိ ဆူကူမိုမြို့ကို ဗဟိုပြုတိုက်ခတ်နေခြင်းဖြစ်ပြီး မိုးရေချိန်မှာ မီလီမီတာ ၈၀ ထိ မြင့်တက်နေကြောင်း၊ ပီပါအပူပိုင်းမုန်တိုင်းသည် ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းမှ အရှေ့ဘက်ပိုင်း ကမ်းခြေဒေသများသို့ ဦးတည်လျက်ရှိပြီး မိုးရေချိန်မြင့်မားစွာ ရွာသွန်းနေမှုကြောင့် ရေကြီးရေလျှံမှု ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ရေကြီးရေလျှံမှုနှင့်အတူ မြေပြိုကျမှုများလည်း ဖြစ်ပေါ်လာနိုင်ပြီး ရေကြီးရေလျှံမှုနှင့်ဆက်စပ်သော သဘာဝဘေးအန္တရာယ်သတိပေးချက်များလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

"ပီပါ အပူပိုင်းမုန်တိုင်းဟာ စက်တင်ဘာ ၄ ရက်က ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းကို ဦးတည်တိုက်ခတ်လာပါတယ်။ ဒီနေ့ အစောပိုင်းမှာ ကိုချိစီရင်စုကို ဝင်ရောက် တိုက်ခတ်လာခဲ့ပြီး တော့ ဆူကိုမိုမြို့ကို ဗဟိုပြုတိုက်ခတ်လာခဲ့ပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၈၀ ထိ ရောက်ရှိခဲ့ပြီး မိုးရေချိန်ဆက်လက်မြင့်တက်ဖွယ်ရှိနေပါတယ်။ မိုးရေချိန်မြင့်မားလာမှုနဲ့အတူ ရေကြီးရေလျှံမှု၊ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းဟာ အရှေ့ဘက်ကမ်းခြေဒေသကို ဦးတည်နေပါတယ်။ အလားတူ ပစိဖိတ်သမုဒ္ဒရာပိုင်းမှာလဲ မိုးသည်းထန်စွာရွာသွန်းနေပါတယ်"ဟု Japan Meteorological Agency (JMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဒီတစ်ခေါက် ဆရာမောင်တင်ထွေး ဆေးကုသွားတာ ရေနံချောင်းမြို့က ဆရာသိန်းထွန်းနှင့်အတူတူ ဆေးကုရမှာက မြင်း၊ ရောဂါက ပိုးနဂါးမျက်လုံးသန်းကောင်၊ မျက်လုံးထဲက ပိုးနဂါးကိုခွဲကုမှာဖြစ်၏။ ဆရာနှစ်ယောက် စကားတပြောပြောနှင့် ဖိယက်ကားနှင့်လာ၏။ ဖိယက်ဆိုရ၏ ကားတော့မထင်နှင့်။ လမ်းက သဲထူတော့ ဖိလိုက်ယက်လိုက်နှင့် စီးလာတဲ့ ဖိနပ်သဲထဲမြုပ်သွားလိုက်၊ ပေါ်လာလိုက်နှင့် လမ်းလျှောက်လာခြင်းဖြစ်သည်။

တပေါင်းလဆန်းဖြစ်၍ သစ်ရွက်တွေမြေသို့ကြွေကျနေ၏။ နေပူလို့မှ နားခိုစရာမရှိ။ ဆရာမောင်တင်ထွေးက ဆေးလွယ်အိတ်ကိုလွယ်၊ ဘာဒီဇိုနွားသင်းကွပ်ကိရိယာထမ်းလျက် နေပူတော့ ခရီးမတွင်၊ ချွေးတပြိုက်ပြိုက်နှင့် လျှောက်လိုက်ရတာ ဆွမ်းခံပြန်ချိန်လောက်မှ ကြောင်းရာကန်ရွာကို ရောက်၏။

"ဟာ ဆရာတို့ လာမယ်ဆိုရင်လဲ ကြိုပြောမှပေါ့။ လှည်းကြိုလွှတ်ရအောင်"ဟု မြင်းပိုင်ရှင်ကိုပန်းအေးက နှုတ်ဆက်စကားဆိုလာ၏။

"အေးဗျာ ကိုပန်းအေး မှာထားတာလဲ တစ်ပတ်လောက်ရှိပြီဆိုတော့ ဒီနေ့အလုပ်အားတာနဲ့ ဆရာသိန်းထွန်းကိုပါ အကျိုးအကြောင်းပြောပြီး ထွက်လာခဲ့တာ။ အတော်လျှောက်ရတာပဲနော်"

"ဟုတ်တယ်ဆရာရေ၊ ခရီးက မဝေးပေမဲ့ လမ်းက သဲထူတော့ ခရီးမရောက်ဘူးပေါ့။ ဒါပေမဲ့ ကျုပ်တို့ရွာက အမျိုးသမီးတွေကတော့ သွားနေကျလာနေကျဖြစ်နေတော့ ထင်းထမ်းတွေနဲ့ တစ်နေ့နှစ်ခေါက်တာ လမ်းထွက်တယ်ဗျ"

"ဒါကြောင့်ထင်တယ်။ လမ်းမှာတွေ့ခဲ့တဲ့ အမျိုးသမီးတွေ သန်သန်မာမာနဲ့ ခန္ဓာကိုယ်အချိုးအဆစ်တွေပြေပြစ်ပြီး လုံးကြီးပေါက်လှတွေဖြစ်နေတာကိုး"ဟု ဆရာမောင်တင်ထွေးက အရွှန်းဖောက်လိုက်၏။

"ကဲ ကိုပန်းအေး ခင်ဗျားမြင်း ပိုးနဂါးခွဲမှာဆိုတော့ ကြည့်ရအောင် ဆွဲခဲ့ပေတော့"

"ဆရာတို့ လာမယ်ဆိုတာမသိတော့ အကျောင်းထွက်သွားတယ် ဆရာ။ ထမင်းစားချိန်လောက်ဆိုပြန်ရောက်မှာပါ။ အေးအေးဆေးဆေး ဆရာတို့ ထမင်းစားပြီးမှခွဲတာပေါ့။ ရေနွေးသောက်ကြပါအုံး" ဟုဆိုကာ ကိုပန်းအေး မြင်းဇောင်းသန့်ရှင်းရေးလုပ်နေ၏။

မြင်းလည်းရောက်နေပြီ။ မြင်းဇောင်းသန့်ရှင်းရေးလုပ်နေ၏။ နေပူ၍ ခွဲစိတ်ခြင်းလုပ်ငန်းမစဖြစ်သေး။ ညနေသုံးနာရီလောက်မှ ခွဲစိတ်ကိရိယာများ ပြင်ဆင်လိုက်၏။ ဆရာသိန်းထွန်းက မြင်းကို မေ့ဆေးထိုးပေးရန် မေ့ဆေးကို အလေးချိန်တွက်ချက်ပြီး ဖျော်နေ၏။ မေ့ဆေးထိုးရန် မြင်းကို စားကျင်းမှဆွဲလာခိုင်းပြီး ထိန်းချုပ်ကာ မေ့ဆေးထိုးလိုက်၏။ မေ့ဆေးသာ ကုန်သွားသည်။ မြင်းက မမေ့သေး။ ခေါင်းခါခါ ခြေခါခါနှင့် မြင်းကမဖြို့။ ဆေးအချိန်အဆပဲ နည်းသွားသလား။ မြင်းကပဲ ခံနိုင်ရည်ရှိလို့ လားမသိ။ ဆရာနှစ်ယောက်တိုင်ပင်ကာ မေ့ဆေးထပ်ဖျော်ပြီး ထိုးလိုက်၏။ ကိုရွှေမြင်း မခံနိုင်တော့။ မျက်လုံးမှေးပြီး ငိုက်မျဉ်းစပြုလာ၏။ ခဏကြာတော့ သတိမေ့သွား၏။ စိတ်ချရအောင် မြင်းကို ထိန်းချုပ်ခိုင်းလိုက်၏။

မြင်းမျက်လုံးပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်လိုက်၏။ မျက်လုံးကို ပြူးထွက်လာအောင်ပြုပြင်လျက် မျက်လုံးထဲက ပိုးနဂါး အပြင်ထွက်ရန် ခွဲစိတ်ဖို့ ပြင်လိုက်၏။ ခွဲစိတ်ဓားအချွန်နှင့် မျက်ကြည်လွှာကို ခွဲလိုက်၏။ ထိုအခါ အရည်ကြည်နှင့်အတူ ပိုးနဂါး အပြင်ထွက်လာ၏။ ပြောသလောက် မလွယ်ကူလှပေ။ ပိုးနဂါးက မျက်လုံးထဲလည်နေ၏။ ခေါင်းလှည့်ဘက် အလိုက် ခွဲရ၏။ ဒါမှ အရည်နှင့်အတူ ပိုးနဂါးထွက်လာမည်။ အချို့က ၁၅ ဂျီထိုးအပ်အချွန်နှင့်ဖောက်၏။ လက်မတုန်ရန် အချိန်အဆသတိထားရမည်။ သို့မဟုတ်ပါက မျက်လုံးအတွင်းပိုင်း ပေါက်သွားနိုင်သည်။ ပိုးနဂါးအပြင်ရောက်သွားရန်၊ ရှာတွေ့နိုင်ရန်နှင့် မျက်လုံးထဲ ကျန်၊ မကျန်သိရှိနိုင်ရန် ဦးခေါင်းအောက်ဘက်တွင် အနက်ရောက်အစ ခင်းထားရသည်။ ပိုးနဂါးက အဖြူရောင်ဆိုတော့ အနက်စပေါ်တွင် မြင်တွေ့နိုင်ရန်ဖြစ်၏။ ခွဲစိတ်သည့် ဆရာက စိတ်ငြိမ်ရန်နှင့် လက်အချိန်အဆမှန်ရန်လိုသည်။ ဆရာသိန်းထွန်းက စိတ်ငြိမ်၏။ လက်မှန်းဆကောင်း၏။ ခွဲစိတ်ပြီးသော် မျက်စဉ်းခပ်ကာ ဆေးထိုးလိုက်၏။

ခွဲစိတ်ပြီး တစ်နာရီခန့်ကြာသည်ထိ မြင်းက သတိမရသေး။ ဆရာနှစ်ယောက် စိတ်ပူရပြီပေါ့။ သတိရနိုး သတိရနိုးဆိုပြီးစောင့်နေ၏။ နှစ်နာရီလောက်ကြာသော်လည်း မြင်းက အိပ်ဆဲ။ သိလိုက်ပါပြီ။ ပထမအကြိမ် မေ့ဆေးထိုးပြီးတော့ မမေ့လို့ ဆိုပြီးထပ်ထိုး။ ဒီတော့ မေ့ဆေးလွန်ပြီပေါ့။ မြင်းဆိုတဲ့ သတ္တဝါက အစားမပြတ်စား၏။ ပိုးနဂါးခွဲထားတဲ့ မြင်းက ညကလည်း စားခဲ့ပြီးပြီ။ စားကျက်မှာလည်း တစ်မနက်လုံးစားခဲ့ပြီး မြင်းဇောင်းရောက်တော့လည်း ထပ်စား။ ဒီတော့ အစာတွေပြည့်၊ အားရှိနေပြီပေါ့။ ဆရာနှစ်ဦးစလုံး သတိမထားခဲ့။ သတ်မှတ်ဆေးအချိန်အဆနှင့် ဘယ်မေ့တော့မလဲ။ မြန်မြန်မေ့ဖို့ ဆန္ဒစောပြီးထပ်ထိုးတော့ တော်တော်နှင့် သတိမရတော့။

ဆရာနှစ်ယောက်ခေါင်းချင်းဆိုင်ပြီး စိတ်ပူကြပြီ။ ချွေးသီးချွေးပေါက်တွေ ကျကုန်ကြသည်။ ပါသမျှ အားဆေး၊ နှလုံးခုန်ဆေး၊ အသက်ရှူမှုန်ဆေးတွေ၊ အသားဆေး၊ အကြောဆေးတွေ၊ အိတ်သွန်ဖာမှောက် ထိုးလိုက်ရသည်။ ပိုးနဂါးခွဲစိတ်လို့ရတဲ့ ဆေးဖိုးထက် နောက်မှလိုက်၍ထိုးရသော ဆေးဖိုးက ပိုသွားသည်။ ကိုယ်က အလွန်ဖြစ်နေတော့ ဆေးဖိုးလည်း ပိုတောင်းမရတော့။ ဆေးထိုးပြီး နာရီဝက်လောက်ကြာတော့ ခေါင်းထောင်စပြုလာသည်။ မျက်လုံးက မပွင့်သေး။ ကောင်းကောင်းမထူနိုင်သေး။ မေ့ဆေးရှိန်က မပြယ်သေး။ မြင်းက ကုန်းထလေပြီ။ ဘယ်ယိမ်း၊ ညာယိမ်း ရှေ့တိုးနောက်ငင်နှင့် မတ်တတ်ရပ်လိုက်ပြီ။ လဲကျမသွားအောင် ကိုသန်းအေးနှင့် သားသမီးများက တစ်ဖက်၊ ဆရာမောင်တင်ထွေးတို့က တစ်ဖက် ထိန်းပေးရ၏။ မတတ်နိုင်တော့ပါ။ မြင်းမေ့ဆေးပြယ်သည်ထိ ထိန်းထားပေးရတော့မည်။ ညနေမှောင်စပျိုးမှ ရပ်နိုင်သွား၏။

မြင်းရပ်မှ ဆရာနှစ်ယောက်စလုံး ဟင်းချနိုင်၏။ ထမင်းမစားခင် အညောင်းပြေအညာပြေ အိပ်၍ကောင်းအောင် စီစဉ်ထားသည့် ပင်ကျရေနှင့် ကြက်သားအရည်ချက်လည်း အမှတ်မရတော့။ ဆရာမောင်တင်ထွေးစိတ်တွေ ယောက်ယက်ခတ်သွား၏။ ဆရာသိန်းထွန်းကတော့ ခပ်အေးအေး၊ ညနေပြန်ရန် ကိစ္စအားလုံးပျက်သွားရ၏။ စိတ်ချရအောင် ညအိပ်ပြီးမှ ပြန်ပါဆိုရ၏ တစ်ညအိပ်လိုက်ရ၏။

မနက်မိုးလင်းတော့ မြင်းလည်းအခြေအနေကောင်းနေပြီဖြစ်၍ ကြောင်းရာကန်ရွာက ပြန်လာကြ၏။ လမ်းခုလတ် သပွတ်စုရွာရောက်တော့ ဆရာမောင်တင်ထွေးက-

"ဆရာရေ ပိုးနဂါးခွဲလိုက်တော့ မေ့ဆေးလွန်လို့ ဆေးဖိုးအပြင် အပိုပါသွားပြီ။ ဆေးဖိုးလေးနဲ့ အပြန်စရိတ်လေးရအောင် နွားသင်းလိုက်ရအောင်၊ ဘာဒီဇိုလည်း အဆင်သင့်ပဲ"ဆိုလာသဖြင့် "မင်းသဘောအတိုင်းပဲကွာ"ဟု ဆရာသိန်းထွန်းက ပြောသဖြင့် သပွတ်စုရွာ ဥက္ကဋ္ဌအိမ် ဝင်လိုက်၏။

"ဟော ဘယ်ကဘယ်လို မျက်စိလည်လာကြသလဲ ဆရာတို့"

ဥက္ကဋ္ဌကနှုတ်ဆက်ရင်း နေရာထိုင်ခင်းပေးလိုက်လို့-

"လမ်းသင့်လို့ ဥက္ကဋ္ဌကြီးရွာ နွားသင်းမလားလို့ ဝင်လာတာပါ ဥက္ကဋ္ဌကြီးရယ်"

"အဆင်သင့်လိုက်လေဗျာ။ နွားကောင်းကတပေါင်းတဲ့။ စနေနေ့လဲဖြစ်တယ်။ ကျုပ်နွားသိုးတစ်ရှည်းလောက် ဒီနွေပေါက် ဝှေးထုမယ်လို့ စိတ်ကူးနေတာအကိုက်ပဲ။ ရေနွေးသောက်ကြပါဗျာ။ ကျုပ်ရွာဆော်နဲ့ ဗျို့ဟစ်ခိုင်းလိုက်မယ်"ဟုပြောပြီး ခဏကြာတော့-

"ဗျို့ ဥက္ကဋ္ဌအိမ်မှာ နွားဝှေ့ဆရာတွေရောက်လို့ နွားသိုးများ ဝှေးထုချင်ရင် ဥက္ကဋ္ဌအိမ်ဆွဲခဲ့ပါဗျို့။ သိုးကြောင်၊ နတ်ကွပ် တစ်လုံးမကျန်ထိုးပေးတယ်ဗျို့"

ဆရာမောင်တင်ထွေးတို့ ရေနွေးသောက်နေစဉ် ရွာဆော်ဗျို့တိုးသံကြားလိုက်ရ၏။ ဆရာသိန်းထွန်းကတော့ ဆရာမောင်တင်ထွေးကို ကြည့်ပြီး မဲ့ပြုံးပြုံးလိုက်၏။

❖ "ဆရာထွေးရယ် နွားဝှေ့ထုတာ တစ်ကောင်ကို အရက်တစ်ပုလင်းနဲ့ ကြက်ဥနှစ်လုံးစီစုပြီး အပျော်အနေနဲ့ စားကြသောက်ကြတာ ထုံးစံဖြစ်နေပြီ။ ကျုပ်လဲ အစကပြောမထားမိဘူး။ ကြိုလဲမသိတော့ အားနာစရာတွေဖြစ်ကုန်ပါပြီ ဆရာတို့ရယ်။ အရက်နဲ့ ကြက်ဥတွေယူသွားပါလား ဆရာရယ်" "ဟာ နေပါစေ ဥက္ကဋ္ဌကြီးရယ်၊ ထုံးစံအတိုင်းပဲ လုပ်လိုက်ပါ။ ကျွန်တော်တို့လဲ ပြန်လိုက်ပါအုံးမယ်" ဥက္ကဋ္ဌကြီးကတော့ ကြက်ဥတွေကို အိတ်နှင့်ထည့်ခိုင်းနေသည်။ အရက်သုံးပုလင်းကိုလည်း သေချာပိတ်ပြီး ဆရာထွေးကို ပေးနေသည်။ ❖

ဘာဒီဇိုမပေါ်ခင်က ကျေးရွာမှာ နွားသိုးတွေ သင်းကွပ်ရင် ထမ်းပိုးကျည်း(လှည်းထမ်းပိုးတွေ တပ်ထားသော အဆစ်ပိတ်ဝါးနှစ်ချောင်းကို ကြိုးချည်ပြီး ထမ်းပိုးကျည်းနှစ်ချောင်းထဲသွင်းပြီး ဝှေးဥကို ကြေအောင် လက်ရိုက်နှင့်ထုပေးရခြင်းဖြစ်၏။ ထို့ကြောင့် နွားဝှေးထုသည်)ဟု ခေါ်ကြသည်။ ယခုလည်း ယခင်ထုံးစံအတိုင်းမှတ်လို့ ရွာဆော်က နွားဝှေးထုရန် အော်ခြင်းဖြစ်သည်။ ဆရာသိန်းထွန်း မဲ့ပြုံးပြုံးတာ ဒါပဲဖြစ်လိမ့်မည်ဟု ဆရာမောင်တင်ထွေး တွေးမိ၏။

စာမျက်နှာ ၂၅ သို့ á

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၈၇ ဧက စိုက်ပျိုးမည်

ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ရေဦး စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၈၇ ဧက စိုက်ပျိုးမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၈၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့၊ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟုရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖုံးလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွှေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

မြန်အောင်မြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

မြန်အောင် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ယခုနှစ် သြဂုတ်လတတိယပတ်မှ ယနေ့ထိ ငါးတန်များဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးတန်များ စျေးကွက်အတွင်း နေ့စဉ် ပိုသာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပြီး စားသုံးမှုများလာသည့်အတွက် ဝယ်ယူမှု အားကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ငါးစျေးကွက်ထဲမှာ လတ်တလောအနေနဲ့ ငါးတန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ စျေးနှုန်းအနေနဲ့က ဝယ်ယူတဲ့ ပိုသာချိန်နဲ့ ငါးလတ်ဆတ်မှုအပေါ်မူတည်ပြီး စျေးနှုန်းပြောင်းလဲတာ ရှိပါတယ်။ ရေထွက်ကုန်တွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ငါးတန်တွေ အရောင်းအဝယ်ကောင်းလာတော့ ငါးတန်မွေးမြူသူတွေ၊ လုပ်ငန်းရှင်တွေနဲ့ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ လုပ်ငန်းအဆင်ပြေလာပါတယ်"ဟု မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက် ငါးတန်များကိုဝယ်ယူကာ ရောင်းတန်းဝင်သည့် အနေအထားထိ ထည့်သွင်းထုတ်လုပ်ပြီး အခြားစျေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါ ဒေသမှ ငါးတန်တစ်ပိသာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

á **စာမျက်နှာ ၂၄ မှအဆက်**

ရွာဆော်အော်ပြီးလို့မကြာလိုက် နွားသိုးများ သူ့ထက်ငါအလျင် ရောက်အောင် ဒုန်းပြေးမောင်းလာကြ၏။ အော်သူအော်၊ ငေါက်သူ ငေါက်နှင့် ဥက္ကဋ္ဌအိမ်ဝန်းထဲ နွားသိုးများရှုပ်ယှက်ခတ်သွား၏။

နွားသိုးကို ခါးညှပ်သင်းမည်ဖြစ်၍ ဆရာမောင်တင်ထွေး ရွာသားလေး၊ ငါးယောက်နှင့်အတူ ညှပ်လုပ်နေ၏။ ပြီးလျှင် ခါးညှပ်ကာ နွားသိုးများ တစ်ကောင်ပြီးတစ်ကောင် ဘာဒီဇိုနှင့်ညှပ်နေ၏။ နွားကို ပါးစပ်ဖြဲကြည့်ကာ "သွားနဲ့ပြီဟေ့" အော်သူအော်။ "ဆရာရေ ဝှေးဥ တစ်လုံး မကျန်စေနဲ့နော်။ တော်ကြာ လူကော၊ နွားကောဝှေ့လို့ နေစရာ မရှိဖြစ်နေအုံးမယ်"ပြောသူပြော။ "ဟန်ကျလိုက်တာကွာ၊ နွားသက်သာတယ်ဟေ့။ ငါ နွားဝှေးထုရင်တော့ ဒီဝှေးထုတဲ့ဆရာတွေခေါ်မယ်" ဆိုသူကဆို။

ဆရာမောင်တင်ထွေး ဝှေးထုဆရာဖြစ်သွား၏။

ဆရာမောင်တင်ထွေး ရွာသားများနှင့်ဝိုင်းပြီး နွားသင်းလိုက်တာ ဆယ်ကောင်တောင်ရှိသွားပြီ။ နောက်ထပ်သင်းမဲ့နွား မရှိတော့။ ဆရာတို့ အေးအေးဆေးဆေးနားပါဆိုပြီး စားပွဲဆီခေါ်သွား၏။

နွားသိုးပိုင်ရှင်များ ဥက္ကဋ္ဌအိမ်ဝင် အဝင်အထွက်ရှုပ်နေကြကုန်၏။ လက်ထဲမှာလည်း ပုလင်းတစ်လုံးနှင့် ကြက်ဥနှစ်လုံးစီကိုင်ပြီး လူးလာခေါက်တုံသွားနေကြ၏။ မီးဖိုထဲက ဓွန်းသံ၊ ပန်းကန်သံတွေနှင့် တရဲရဲ ကြော်သံတွေ ကြားနေရ၏။

"ကိုင်း ဥက္ကဋ္ဌကြီး နေမပူခင်ပြန်အုံးမယ်။ နွားသင်းခလေးတစ်ကောင် ၅၀၀ တော့ တောင်းပေးလိုက်ပါအုံး"

ဆရာမောင်တင်ထွေး မှန်းထားသလိုပြောလိုက်၏။ ဥက္ကဋ္ဌကြီး ငိုင်သွားပြီး ခဏကြာမှ စိတ်မကောင်းသောလေသံဖြင့်-

"ဆရာထွေးရယ် နွားဝှေးထုတာ တစ်ကောင်ကို အရက်တစ်ပုလင်းနဲ့ ကြက်ဥနှစ်လုံးစီစုပြီး အပျော်အနေနဲ့ စားကြသောက်ကြတာ ထုံးစံဖြစ်နေပြီ။ ကျုပ်လဲ အစကပြောမထားမိဘူး။ ကြိုလဲမသိတော့ အားနာစရာတွေဖြစ်ကုန်ပါပြီ ဆရာတို့ရယ်။ အရက်နဲ့ကြက်ဥတွေ ယူသွားပါလား ဆရာရယ်"

"ဟာ နေပါစေ ဥက္ကဋ္ဌကြီးရယ်၊ ထုံးစံအတိုင်းပဲ လုပ်လိုက်ပါ။ ကျွန်တော်တို့လဲ ပြန်လိုက်ပါအုံးမယ်"

ဥက္ကဋ္ဌကြီးကတော့ ကြက်ဥတွေကို အိတ်နှင့် ထည့်ခိုင်းနေသည်။ အရက်သုံးပုလင်းကိုလည်း သေချာပိတ်ပြီး ဆရာထွေးကို ပေးနေသည်။

အပြန်ခရီးမှာတော့ အလာခရီးလောက်အင်အားမရှိတော့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ဘဲ အတွေးကိုယ်စီနှင့် လျှောက်လာကြ၏။ ဆရာမောင်တင်ထွေးအတွေးထဲမှာတော့ မြင်းပိုးနဂါးခွဲကုလို့ရတဲ့ ဆေးဖိုးဝါးခအပြင် မွေ့ဆေးလွန်လို့ အိတ်ကပ်ထဲက ပါသွားခဲ့ပြီ။

ကုန်ကျတဲ့ဆေးဖိုးနဲ့ စရိတ်ကလေးရမလားလို့ သပွတ်စုရွာတွင် နွားသင်း ကွပ်ခဲ့တာ။ အဖိုးအခလည်းမရခဲ့။ ရပြန်တော့လည်း ကြက်ဥနှင့် တောအရက်။ ပြန်ရင်လည်း ရာဇဝင်တွင်ဦးမည်။ ဒီတစ်ခေါက်တော့ အရင်းရော၊ အမြတ်ပါ ရှုံးတဲ့အပြင် နွားထုဆရာ အခေါ်ခံလိုက်ရတာပဲ အဖတ်တင်ကျန်ခဲ့ပါတော့သည်။

မြန်မာဟေ့ မြန်မာ

- မြန်မာဟေ့ မြန်မာ
  ကမ္ဘာမှာ ထင်ရှား၊
  ရာဇဝင် သမိုင်းအလှနဲ့
  ထွန်းပကျော်ကြား။။

- မြန်မာဟေ့ မြန်မာ
  သာသနာကို ချီးမြှောက်ထား၊
  စေတီ သိမ် ဇရပ် တန်ဆောင်း
  ကျောင်းကန်ပေါများ။။

- မြန်မာဟေ့ မြန်မာ
  ရိုးရာကို ပစ်ပယ်မထား၊
  အတီးအမှုတ်ရယ် အဆိုအကကို
  ချစ်ကြဆပွား။။

- မြန်မာဟေ့ မြန်မာ
  ချစ်မေတ္တာ လွန်ကြီးမား၊
  ညီအစ်ကိုလို ကြင်နာမှုက
  နှိုင်းတုမဲ့သား။။

- မြန်မာဟေ့ မြန်မာ
  မှန်ရာကို လက်ကိုင်ထား၊
  အမှားကို သူမလိုက်
  ဖိုးထိုက်လူသား။။

- မြန်မာဟေ့ မြန်မာ
  ပညာဥာဏ် မြင့်မား၊
  လက်ရုံးရည် နှလုံးရည်အလှနဲ့
  ပြည့်ဝထင်ရှား။။

- မြန်မာဟေ့ မြန်မာ
  နှိမ့်ချစွာ နေတတ်သား၊
  သို့လည်းလေ
  ကိုယ့်ရေမြေ ဝင်နှောင့်ယှက်လျှင်ဖြင့်
  ဖောင်ဖျက်သူ ပုံရိပ်အတိုင်း
  အပိုင်းပိုင်းဖြတ် ထိုးစစ်ဆင်၊
  မြန်ပြည်တစ်ခွင် အေးစေရေး
  သွေးစည်းနဲ့တား။။ ။

စိုင်းနေဝင်း(ဟုမ္မလင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

မိုက်သောသူများ ထွက်ခဲ့ပြီ

ဆူးသစ်

ယမန်နေ့မှအဆက်

ကျွန်တော်တက်နေသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကြီးမှာ ကျွန်တော့်အရင်းနှီးဆုံးထဲက သူငယ်ချင်းတစ်ယောက်၏ အမေသည် အရက်ကြိုက်၏။ သူငယ်ချင်းက သူ့ဘဝမှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကြီးတစ်ခုကို တက်နေရ၍ဂုဏ်ယူချင်သည်။ သို့သော် သူ့အမေက အရက်ကြိုက်နေသူဖြစ်နေ၍ သူ့မှာအလွန်ရှက်နေသည်။ သူငယ်ချင်းများကိုလည်း သူ့အိမ်မခေါ်ရဲ။ ဖွင့်လည်းမတိုင်ပင်ရဲ။ သူခံစားရသမျှကို သူ့မိသားစုမဟုတ်သူများထဲမှ တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်သည်။ သို့သော် သူရင်မဖွင့်ရဲ။ ဖွင့်ပြောလျှင် သူ့ကို လူများက ဘယ်လိုထင်ကြမည်နည်း။ ဤသည်ကို သူကြောက်သည်။

စာတော်သောကျောင်းသားအဖြစ် သူဂုဏ်ယူချင်သော်လည်း ဖခင်က အရက်မသောက်ဘဲ မိခင်က အရက်ကြိုက်နေသည့်အဖြစ်။ သူမှ မခံစားရလျှင် ဘယ်သူကခံစားရမည်နည်း။ နောက်ဆုံးတော့ သူနှင့် ကျွန်တော်တို့နှစ်ယောက်စလုံးနှင့် အရင်းနှီးဆုံး ဆရာမကို သူရင်ဖွင့်သည်။ သိပ်မကြာမီမှာပင် ကျွန်တော့်အော်တိုစာအုပ်ထဲတွင် သူ့ဘဝအကြောင်း အရင်းနှီးဆုံးကျွန်တော့်ကို ပြောပြချင်သည်ဆိုတာ ပါလာသည်။ အမှန်တွင် ဆရာမက ကျွန်တော့်ကို ပြောပြ၍ သိပြီးနေပါပြီ။ ဆရာမကို သူက မည်သူ့ကိုမျှ မပြောရန်တားမြစ်ထားသော်လည်း ဆရာမက အရင်းနှီးဆုံးသူငယ်ချင်းများ၊ ထိုသူငယ်ချင်းအပေါ် ပိုမိုနားလည်ပေးနိုင်ရန် ပြောပြခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့နားလည်ပါသည်။ သူ့ကို စာနာအားပေးခဲ့ကြသည်။ သူ့အမေအကြောင်း မသိသလိုနေပေးခဲ့ကြသည်။ သူ့ဘဝကို အရက်သောက်သော မိခင်တစ်ယောက်ကြောင့် မနစ်မွန်း၊ မပျက်စီးစေလို။ သို့သော် အရက်နှင့်ပတ်သက်ပြီး ခံစားနေရသည့်အတွက်တော့ ကျွန်တော်တို့ စိတ်မကောင်းနိုင်ပေ။ ပိုပြီးနာကျင်ခံစားရသည်က သားက အရက်မသောက်၊ ဘာမျှမလုပ် စာတော်သောသားလိမ္မာဖြစ်နေချိန်တွင် အမေက အရက်သောက်နေခြင်းကြောင့်ပင်။

တစ်ခါတုန်းကလည်း ကျွန်တော်တို့လမ်းထဲတွင် လူတစ်ယောက်အရက်မူးပြီး သူ့မိန်းမကို ပိုက်ဆံတောင်းရာ မရ၍အိမ်ခေါင်ကိုမီးရှို့ရာ သူတို့အိမ်နှင့် အိမ်နီးချင်းအိမ်ပါ မီးလောင်သွားသောဖြစ်ရပ်လေးလည်းရှိခဲ့ဖူးသည်။ ထိုလူလည်း ထောင်ကျ၊ သူ့မိသားစုလည်း နေစရာပျောက်ကာ အားလုံးဒုက္ခရောက်ခဲ့ကြလေသည်။

သေသေချာချာပြန်တွေးကြည့်လျှင် မိသားစုတချို့မှာ အရက်သောက်သူ ဖခင်၊ မိခင်ကြောင့် လူမှုအသိုင်းအဝိုင်းကြားတွင် အရှက်ရနေခဲ့ရသော သားသမီးများ မည်မျှများပြားနေခဲ့ပြီနည်း။ လူကြားသူကြားတွင် ကိုယ့်ကိုယ်ကိုယ်ပင် မထိန်းနိုင်လောက်အောင်ဖြစ်သူကဖြစ်သလို အိမ်ထဲ၌ ခွက်ပုန်းကျိတ်၍ ကျန်းမာရေးဟုဆိုကာ အကြောင်းပြနေသော ဖခင်၊ မိခင်များလည်း မည်မျှရှိနေပြီနည်း။

သားသမီးကိုအမွေပေးလျှင် ပစ္စည်းဥစ္စာအမွေသာမက အကျင့်ဗီဇအမွေကိုပါ မိဘများက သားသမီးများထံ ထားခဲ့ရတတ်သည်ကို မိဘတိုင်းသတိမူသင့်သည်။ ထို့ပြင် ကောင်းသောအမွေကို ထားခဲ့လျှင် သားသမီးရော မိဘပါ ဂုဏ်တက်သော်လည်း ဆိုးသောအမွေကိုထားခဲ့လျှင်တော့ မိဘရော သားသမီးပါ မကောင်းနိုင်တော့သည်ကိုလည်း သတိထားသင့်သည်။

အချို့မိဘကပါ အရက်သောက်၍ မရှက်တတ်သော်လည်း သားသမီးများကတော့ ရှက်တတ်သည်။ သို့သော် မိဘတိုင်း၊ သားသမီးတိုင်းမဟုတ်။ အချို့ ဖခင်နှင့်သားများ အရက်အတူသောက်သည်လည်း ကြားဖူးသည်။ အရက်ကို လုံးဝမပတ်သက်သောမိသားစုများလည်း ကျွန်တော်တို့ မြန်မာများထဲတွင် များစွာရှိသည်။

"လူတို့သည် ကာယအင်အားလိုအပ်သည်မဟုတ်ပါ။ စိတ်ဓာတ်အင်အားလိုအပ်ခြင်းသာ ဖြစ်ပါသည်" ဟု "ဗစ်တာဟူးဂိုး"ဆိုသူကဆိုဖူးသည်။ ဘုရားဟောစကားနှင့် အဓိပ္ပာယ်တူပင်။ ကျွန်တော်တို့ စိတ်များက အရက်သောက်ကြည့်မည်၊ သောက်ချင်သည်၊ သောက်ကိုသောက်ရမည်ဆိုလျှင် မသောက်ကြည့်ချင်ပါဘူး၊ မသောက်ချင်ပါဘူး၊ မသောက်ကို မသောက်ဘူးကွာဟု ဘယ်နှခါငြင်းခဲ့ဖူးပါသနည်း။ စိတ်ဓာတ်က ငြင်းမရ၍ နည်းနည်းမှစကာ များများဖြစ်လာ၏။ နောက်ဆုံးတော့ သူတို့ပင် သိသိသာသာအရက်သမား၊ မသိမသာအရက်သမားဟူ၍ ဖြစ်သွားကြခြင်းပင်။

လူရှေ့သူရှေ့ မူးရူးအော်ဟစ်နေတတ်သူများက သိသိသာသာအရက်သမားမို့ ပတ်ဝန်းကျင်ကို ရှက်စရာကမ်းကုန်သည်ကို သေလျှင်သိပ်မအံ့သြကြသော်လည်း ဧည့်ခံပွဲရှိမှသောက်သော၊ အိမ်တွင် ခွက်ပုန်းသောက်သော၊ လူရှေ့သူရှေ့မူးမပြတတ်သော မသိမသာအရက်သမားများကတော့ အရက်ကြောင့်သေလျှင် လူများကအံ့သြကာ သူတို့နှင့်သက်ဆိုင်ရာ မိသားစုပတ်ဝန်းကျင်လည်း အရှက်ရအောင် စွမ်းဆောင်တတ်ခဲ့ကြလေသည်။ ထိုမသိမသာအရက်သမားများထဲတွင် ကျန်းမာရေးဟုဆိုကာ ညနေတိုင်း တစ်ခွက်လောက် မော့သောက်တတ်သူများလည်းပါနေပြန်ရာ တကယ့်ကျန်းမာရေးအစစ်ကို ရှာနေ သည်လား၊ ကိုယ့်ဘာသာသောက်ချင်၍ ရမယ်ရှာသည်လားဆိုသည်မှာ ထိုလူများသာ သိပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျန်းမာရေးလိုက်စားရာ၌ အရက်မပါဘဲလိုက်စား၍ရသော နည်းများစွာရှိနေသည်မဟုတ်လား။

လူတော်တော်များများသည် သူတို့အရက်ကြိုက်သည့်အခါ သောက်ရန်အတွက် အကြောင်းအမျိုးမျိုးပြတတ်ကြသည်ကို ကျွန်တော်တို့ကိုယ်တွေ့ကြုံဖူးနေသည်။ လူငယ်များက သင်္ကြန်တွင်ပျော်၍သောက်သည်။ ရံဖန်ရံခါ အချစ်ကြောင့်အသည်းကွဲ၍ သောက်သည်။ စိတ်ညစ်၍သောက်သည်၊ ကြိုး၍သောက်သည်၊ သူငယ်ချင်း၏ လူပျိုနောက်ဆုံးညမို့သောက်သည်။

❖ သူတို့စွဲနေသော အရက်သည် မည်သူက မည်သို့ပြောပြော သူတို့စိတ်က ဖြတ်မှပြတ်ပါလိမ့်မည်။ ကျွန်တော်ကတော့ အညွှန့်တလူလူတက်နေသော လူငယ်များထဲမှ အရက်၊ ဘီယာကို မျက်စပစ်နေသူများကိုသာပြောချင်ပါသည်။ အရပ်ထဲတွင် အရက်မူးသမားတိုင်း ပြောနေကျစကားတစ်ခွန်းရှိသည်ကို လူငယ်များ ကြားဖူးကြပေလိမ့်မည်။ "ဘယ်ကောင်မိုက်လဲ၊ မိုက်တဲ့ကောင်ထွက်ခဲ့"ဟု သူတို့က ခဏခဏပြောတတ်ကြသည်။ အမှန်က မူးနေ၍လျှောက်ပြောခြင်းမျိုးပင်။ သူတို့စကားတွင် အဖြေပါပြီးသားဆိုသည်ကို သူတို့က မသိကြ။ ❖

ကျွန်တော်ကတော့ ကျန်းမာရေးကြောင့် သောက်သည်။ ကျန်းမာရေးကြောင့် ဘယ်လိုပဲ ပြောပြောပြောပြော ကျွန်တော်ကတော့ ဘီယာ၊ ကိုယ်ကျင့်တရားဆိုသည်မျိုး ရှိတော့လောက်အောင် ရှင်ထွက်ကြပြီ။ ကိုယ်ကျင့်တရားဆိုသည်ကို ကျွန်တော်ကြားခဲ့ဖူး၏။ ကိုယ်ကျင့်ကောင်းသူ ဆိုတာ ဘာမှ ပြုမူမှုမရှိ ဟုတ်ပါ။ ကိုယ်ကျင့်ကောင်းသူ ဆိုတာ ကိုယ်ကျင့်ကောင်းတယ်

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၅၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၅၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၃၈၀ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၅၅၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၂၃၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၅၅၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စျေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်စျေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

(၂၀၆)

ကြို့ပင်ကောက်မြို့နယ် ကျင်စွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကြို့ပင်ကောက် စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ကျင်စွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေးအခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျင်စွယ်ကျေးရွာ၌ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အသေးစား ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၄၆၀ ကို ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က ဆက်လက်ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**

ရွှေသောင်ယံကမ်းခြေသို့ သြဂုတ်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့

ပုသိမ် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ သြဂုတ်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခု အပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၉၈၄၄၅ ဦးထိလာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် သြဂုတ်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ သြဂုတ်လအတွင်း ရွှေသောင်ယံကမ်းခြေကို လာရောက် အပန်းဖြေတဲ့ခရီးသွားတွေ များပြားခဲ့ပါတယ်။ သြဂုတ်လအတွင်း လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေက နေ့ချင်းပြန်လာတဲ့ ဧည့်သည်များပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်း ဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါ လာရောက်ခဲ့ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များ အပါအဝင် ဟိုတယ်နှင့်တည်ခိုရိပ်သာအလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့်ကမ်းခြေသို့ လာရောက်လည်ပတ် သည့်ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးအငှားလုပ်ငန်း၊ မော်တော်ဘုတ်အငှားလုပ်ငန်း၊ မြင်းအငှားလုပ်ငန်း စသည့်လုပ်ငန်းများဖြင့်လည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ထပ်မံ သိရသည်။

ကျော်ကျော်လင်း

ရေကြည်မြို့နယ် ကြပ်ကွင်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

ရေကြည် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြပ်ကွင်းကျေးရွာ၌ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကြပ်ကွင်းကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြပ်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၃၁ သိန်း၊ ပြည်သူထည့်ဝင်ငွေ ၁၁၁ ဒသမ ၈၀၁ သိန်း စုစုပေါင်း ၂၄၂ ဒသမ ၈၀၁ သိန်း အသုံးပြုကာ အဆိုပါဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် သြဂုတ် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ သဘာဝမြေသြဇာပြုလုပ်နည်း သင်တန်းဖွင့်လှစ်

မင်းလှ စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဦးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ ပြုလုပ်နည်း သင်တန်းသို့ တောင်ဦးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြဆရာက သဘာဝမြေသြဇာ ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် အခမဲ့ သင်ကြားပေးမည် ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။

ကိုညို

စာပေမြင့်မှ လူမျိုးတင့်မည်

တိုက်ပွဲဝင်တင့်ကားများပူးတွဲထုတ်လုပ်သွားမည့် ရုရှားနှင့် အိန္ဒိယ

မောင်စိန်အိ(နဘဲမြေ)

၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်းတွင် ရုရှားသည် T-14 Armata ပင်မတိုက်ပွဲဝင်တင့်ကားကို ဒေသတွင်း၌ ပူးတွဲထုတ်လုပ်ရန် အိန္ဒိယကို အဆိုပြုခဲ့သည်။ အဆိုပါတင့်ကားကို အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်ပြီး အိန္ဒိယနိုင်ငံထုတ် စစ်လက်နက်စနစ်များ ပေါင်းစပ်တပ်ဆင်ကာ အိန္ဒိယ၏ခေတ်မီတပ်မတော် တည်ဆောက်ရေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် တင့်ကားထုတ်လုပ်ရေးအတွက် ရပ်ဆိုင်းနေသောအစီအစဉ်ကို ပြန်လည်အကောင်အထည်ဖော်နိုင်ရန်နှင့် ဘဏ္ဍာငွေရှာဖွေနိုင်ရန် အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်သွာရန် ကြိုးပမ်းလျက်ရှိသောကြောင့် အဆိုပါအစီအစဉ်သည် နှစ်နိုင်ငံစလုံးအတွက် ကျိုးကြောင်းဆီလျော်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် စွမ်းဆောင်ရည်ကွာဟာချက်ကိုလျှော့ချရန် ကြိုးပမ်းလျက်ရှိသောကြောင့် အိန္ဒိယ၏ပြည်တွင်းထုတ်သံချပ်ကာတည်ဆောက်မည့်အစီအစဉ် နေးကွေးနေမှုကို အရှိန်မြှင့်တင်နိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် မိတ်ဖက်နိုင်ငံရွေးချယ်ခြင်းသည် ပထဝီနိုင်ငံရေးဟန်ချက်ကို ထိန်းညှိနိုင်မည့်အပြင် အမေရိကန်နှင့် ဆက်ဆံရေးကိုလည်း ခိုင်မာအားကောင်းအောင် မြှင့်တင်နိုင်မည်ဖြစ်သည်။

ထိုသို့ နှစ်နိုင်ငံပူးတွဲထုတ်လုပ်မည့်အစီအစဉ်သည် အိန္ဒိယအနေဖြင့် ရုရှားနိုင်ငံဘက်သို့ ယိမ်းယိုင်ခြင်းမဟုတ်ဘဲ နိုင်ငံစုံဝါဒကို ချဉ်းကပ်ဆောင်ရွက်ခြင်းဖြစ်ပြီး အိန္ဒိယအနေဖြင့် အမေရိကန်ကမည်သို့ပင်တွေးမြင်နေစေကာမူ အမျိုးသားအကျိုးစီးပွားကိုသာ ရှေ့တန်းတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ စစ်ဘက်စက်မှုလုပ်ငန်းအပြင် ပထဝီနိုင်ငံရေးအကြောင်းပြချက်များဖြင့် ရုရှားနိုင်ငံနှင့် သံချပ်ကာယာဉ်ပူးတွဲထုတ်လုပ်သွားမည့်အစီအစဉ်သည် အိန္ဒိယ၏နိုင်ငံပေါင်းစုံနှင့်လိုက်လျောညီထွေဆောင်ရွက်မည့် မဟာဗျူဟာကိုခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။

T-14 တင့်ကားသည် ရုရှား၏အခရာကျသော မျိုးဆက်သစ်စနစ်ဖြစ်ပြီး ရုရှား၏သံချပ်ကာစွမ်းဆောင်ရည်များ ပြန်လည်မြှင့်တင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ အကြီးမားဆုံး ဆန်းသစ်တီထွင်ထုတ်လုပ်မှုသည် မောင်းသူမဲ့ဆုံလည်နှင့် သံချပ်ကာယာဉ်အတွင်းရှိစစ်သည်သုံးဦးကထိန်းချုပ်သည့် ကိရိယာများပါရှိသည်။ အဆိုပါနည်းပညာသည် ယာဉ်မောင်းစစ်သည်များ တာဝန်ထမ်းဆောင်မှုနှင့် အသက်ရှင်ကြွင်းကျန်မှုတို့ မြင့်မားစေမည်ဖြစ်သည်။ ၎င်းယာဉ်ပေါ်ရှိ အဓိကစက်သေနတ်ဖြစ်သော 125 mm 2A82-1M ပြောင်ချောစိန်ပြောင်းသည် ဖောက်ထွင်းအားပြင်းသော ကျည်များနှင့်ပဲ့ထိန်းဒုံးကျည်များကို ပေါင်းစပ်ပစ်ခတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပေါက်ကွဲမှုဒဏ်ကာကွယ်ထားသော ရေဒါ၊ အီလက်ထရွန်နစ်ဖိဖျက်ကိရိယာနှင့် ကြားဖြတ်ခဲယမ်းများသည် ဝင်ရောက်လာသည့်ကျည်ထိပ်ဖူးများကို ချေမှုန်းနိုင်စွမ်းရှိသည်။ အဆိုပါတင့်ကား၌ မြင်းကောင်ရေ ၁၅၀၀ ရှိသော ဒီဇယ်အင်ဂျင်တပ်ဆင်ထားရှိပြီး အဆင့်မြင့်ထိန်းချုပ်မှုစနစ်နှင့် အလိုအလျောက်စက်သေနတ် ထိန်းချုပ်မှုတို့ပါဝင်ကာ T-90 နှင့် T-72 ပင်မတိုက်ပွဲဝင်တင့်ကား (MBTs) ကဲ့သို့သော မျိုးဆက်သစ် ပလက်ဖောင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

သို့သော် စက်ပစ္စည်းအစိတ်အပိုင်းပြတ်လပ်မှုများ၊ ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် ယူကရိန်းပဋိပက္ခ၌ အရင်းအမြစ်လိုအပ်ချက်များကြောင့် T-14 ထုတ်လုပ်မှုနှေးကွေးနေပြီး စစ်မြေပြင်၌တပ်ဖြန့်ချထားနိုင်စွမ်းမရှိသေးပေ။ အထူးသဖြင့် ရုရှားနိုင်ငံ၌ T-14 တင့်ကားအစီး ၁၀၀ ခန့်သာရှိပြီး စစ်မြေပြင်၌တပ်ဖြန့်ချထားခြင်းမရှိသေးပေ။ အဆိုပါတင့်ကားများသည် ဒီဇိုင်းပိုင်းအရ ယူကရိန်းစစ်မြေပြင်၌ စွမ်းဆောင်ရည်ကန့်သတ်ချက် ဖြစ်ပေါ်လျက်ရှိသည်။ ရုရှားအနေဖြင့် ဒရုန်းခြိမ်းခြောက်မှုရှိသည့် ပတ်ဝန်းကျင်၌ ဈေးနှုန်းချိုသာသောတင့်ကားများကိုသာ အသုံးပြုသွားလိုသည့်ဆန္ဒရှိနေသည်။

အိန္ဒိယနိုင်ငံအနေဖြင့်လည်း ကိုယ်ပိုင်တင့်ကားများအဆင့်မြှင့်တင်ထုတ်လုပ်မှု၌နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ T-72 တင့်ကားများသည် သက်တမ်းလွန်နေပြီး ရုရှား၏ခွင့်ပြုချက်ဖြင့် အိန္ဒိယနိုင်ငံတွင် တပ်ဆင်ထားသည့် T-90 တင့်ကားများမှာလည်း သက်တမ်းရင့်လာပြီး အားနည်းချက်ရှိလာပြီဖြစ်သည်။ စွမ်းဆောင်ရည်ရှိသော Arjun MBTကို အိန္ဒိယနယ်စပ်များ၊ အထူးသဖြင့် အမှန်တကယ် ထိန်းချုပ်ရေးမျဉ်းတစ်လျှောက်တွင် တပ်ဖြန့်ချထားသည်။ အိန္ဒိယအနေဖြင့် မျိုးဆက်သစ်တင့်ကား ဝယ်ယူဖြည့်တင်းလျက်ရှိသော အနာဂတ်တိုက်ပွဲဝင်အသင့်ဖြစ်သည့်ယာဉ်အစီအစဉ်သည် လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိသည်။

တစ်နည်းအားဖြင့် အိန္ဒိယနိုင်ငံသည် တင့်ကားအသစ် လိုအပ်နေပြီဖြစ်သည်။ ခေတ်မီအဆင့်မြှင့်တင်ထားပြီး ဒေသတွင်း မူကွဲဖြစ်သည့် T-14 တင့်ကားသည် စွမ်းဆောင်ရည်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ အိန္ဒိယအတွက်မူ T-14 တင့်ကားတည်ဆောက်ရေး အဆိုပြုချက်သည် စက်မှုလုပ်ငန်း တိုးတက်ရေးအတွက်များစွာ အရေးပါလျက်ရှိသည်။ အိန္ဒိယပြည်တွင်းဖြစ်အစိတ်အပိုင်းများနှင့် T-14 တင့်ကား ပူးတွဲတည်ဆောက်ခြင်းသည် မျိုးဆက်သစ်စစ်ဘက်နည်းပညာရရှိရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်စေမည်ဖြစ်သည်။

အနောက်တိုင်း မိတ်ဖက်များနှင့် မတူညီသည့်အချက်မှာ ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံကို ဒေသတွင်း၌ပင် စစ်လက်နက်ပစ္စည်းများ ပိုမိုထုတ်လုပ်ခွင့်ပြုသွားမည်ဖြစ်ပြီး အရေးပါသောစနစ်များ မျှဝေခြင်းနှင့် တင့်ကားများကို ဒေသတွင်းလိုအပ်ချက်များနှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်နိုင်စေမည်ဖြစ်သည်။ ရုရှားနိုင်ငံ၏လိုက်လျောညီထွေရှိမှုသည် စစ်အေးကာလပြီးကတည်းက အိန္ဒိယ-ရုရှား ကာကွယ်ရေး မိတ်ဖက်ဆက်ဆံရေးထူထောင်မှုတွင် အရေးပါလျက်ရှိသည်။

ရုရှားအတွက်မူ T-14 တင့်ကား အစီအစဉ်သည် ဘဏ္ဍာငွေလိုအပ်ချက် မြင့်တက်လျက်ရှိသဖြင့် ရုန်းကန်ရလျက်ရှိသည်။ အိန္ဒိယနိုင်ငံကဲ့သို့သော ပြည်ပနိုင်ငံတစ်နိုင်ငံကို ကမ်းလှမ်းခြင်းသည် ဘဏ္ဍာငွေလိုအပ်ချက်ကိုအထိုက်အလျောက် ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုအရှိန်မြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် အခြားနိုင်ငံများကလည်း အဆိုပါစီမံကိန်းကို သိရှိလာမည်ဖြစ်သည်။ အိန္ဒိယအနေဖြင့် ဝယ်ယူသူအဖြစ် ရပ်တည်လိုခြင်းမရှိဘဲ ပူးတွဲထုတ်လုပ်ရာတွင် မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် သာရပ်တည်သွားလိုပြီး နောက်ဆုံး၌အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့တွင် ပူးတွဲဈေးကွက်ထိုးဖောက်နိုင်ရန် ရည်မှန်းထားရှိသည်။ အိန္ဒိယနိုင်ငံကို ကာကွယ်ရေးစက်မှုလုပ်ငန်း မိတ်ဖက်အဖြစ် ဆက်လက်ထိန်းသိမ်းထားရှိခြင်းသည် တောင်အာရှဒေသ လွှမ်းမိုးရေးနှင့်ဥရောပ ဈေးကွက်များမှဖယ်ခွာပြီး နိုင်ငံပေါင်းစုံတွင် ဈေးကွက်ဖြန့်ကြက်နိုင်ရေးတို့အတွက် များစွာ အရေးပါကြောင်းကို ရုရှားနိုင်ငံက ကောင်းစွာ သိရှိထားသည်။

T-14 တင့်ကားပူးတွဲတည်ဆောက်ခြင်းသည် နှစ်နိုင်ငံစလုံးအတွက် ပထဝီနိုင်ငံရေးဆိုင်ရာ တွေးခေါ်မှုစနစ်အရလည်း အားသာချက်ဖြစ်ပေါ်စေလျက်ရှိသည်။ ရုရှားနိုင်ငံအတွက်မူ အိန္ဒိယနိုင်ငံကို T-14 တင့်ကားတည်ဆောက်ရန် ကမ်းလှမ်းခြင်းသည် နိုင်ငံတကာတွင်ကြဉ်ဖယ်ထားမှုမှထွက်ပေါက် ရရှိစေမည်ဖြစ်သည်။ ရုရှားနိုင်ငံသည် အနောက်အုပ်စုများ၏ ပိတ်ဆို့မှုများအောက်၌ပင်လျှင် အဓိက အင်အားကြီးနိုင်ငံများသည် ရုရှားနှင့်ပူးပေါင်းဆောင်ရွက်ရန်စိတ်ပါဝင်စားလျက်ရှိကြောင်း အသိပေးနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအတွက်မူ အဆိုပါကမ်းလှမ်းချက်သည် မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်ကို ထုတ်ဖော်ပြသနေခြင်းဖြစ်သည်။ အိန္ဒိယအနေဖြင့် ရုရှားနိုင်ငံမှ S-400s ဒုံးကျည်ကာကွယ်ရေးစနစ်များ ဝယ်ယူခြင်း၊ ရုရှားနိုင်ငံနှင့် BrahMos ဒုံးကျည်များ ပူးတွဲတည်ဆောက်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ဆိုဗီယက်ခေတ်ဒီဇိုင်းများဖြင့်လည်း ရေငုပ်သင်္ဘောအုပ်များ တည်ဆောက်ထားရှိသည်။ အိန္ဒိယစစ်ဘက်တွင် လက်ရှိထုတ်လုပ်ထားသော စစ်လက်နက်ပစ္စည်း ၆၀ ရာခိုင်နှုန်းကျော်သည် ဆိုဗီယက်ခေတ်ဒီဇိုင်းများ သို့မဟုတ် ရုရှားစနစ်များကို အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ မောင်းသူမဲ့လေယာဉ် (UAV) များ ရောင်းချခြင်းသည် ရုရှားစနစ်များနေရာတွင် အစားထိုးရန်မဟုတ်ဘဲ အားဖြည့်သွားရန်ဖြစ်သည်။ အလားတူ ပြင်သစ်နိုင်ငံအနေဖြင့်လည်း အိန္ဒိယသို့ Rafale တိုက်လေယာဉ်များရောင်းချခြင်းသည် ရုရှားလေယာဉ်များနေရာတွင် အစားထိုးရန်မဟုတ်ဘဲ အတူတကွ ပျံသန်းသွားရန်ပင်ဖြစ်သည်။ သို့သော် အမေရိကန်သည် အိန္ဒိယသို့ P-8Isလေယာဉ်များရောင်းချခြင်းသည် ရုရှား၏ Tupolev Tu-142M လေယာဉ်များနေရာတွင် အစားထိုးသွားရန်ပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားနှင့် T-14 တင့်ကားပူးတွဲထုတ်လုပ်ရာတွင် အမေရိကန်၏ပိတ်ဆို့လာမှုများကိုလည်း တွက်ချက်ထားရှိပြီးဖြစ်သည်။ အိန္ဒိယအနေဖြင့် ရုရှားစစ်လက်နက်ပစ္စည်းများ ဝယ်ယူမှုနှင့်စပ်လျဉ်း၍ အမေရိကန်၏ ဒေါသူပုန်ထမှုကို ယခင်ကတည်းကကြုံတွေ့ခဲ့ပြီးဖြစ်သည်။ အိန္ဒိယအနေဖြင့် အင်အားကြီးနိုင်ငံ တစ်ဖက်ဖက်သို့ ရပ်တည်ရန်ရွေးချယ်ခြင်းမဟုတ်ဘဲ ၎င်း၏ရွေးချယ်နိုင်မှုအခွင့်အလမ်းကို ချဲ့ထွင်ခြင်းသာဖြစ်သည်။

အလားတူ ရုရှားနိုင်ငံအတွက်မူ အိန္ဒိယနိုင်ငံသည် ဈေးကွက်တစ်ခုထက်ပိုမိုလျက်ရှိပြီး T-14 တင့်ကားပူးတွဲထုတ်လုပ်မှုအစီအစဉ်သည် ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာ့စင်မြင့်ထက်၌ အရေးပါသောဇာတ်ကောင်များနှင့် မိတ်ဖက်ဆောင်ရွက်ရာတွင် အဆင့်မြင့်စနစ်များ ကမ်းလှမ်းနိုင်ဆဲဖြစ်ကြောင်း သက်သေပြသွားနိုင်မည်ဖြစ်သည်။ ထို့ပြင် တစ်နိုင်ငံတည်းက လွှမ်းမိုးကြီးစိုးနိုင်ခြင်းမရှိသော ကမ္ဘာကြီးတွင် ရုရှားနိုင်ငံ၏ ကာကွယ်ရေးကဏ္ဍကို ပြန်လည်အားသစ်လောင်းရန်၊ ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် ပြန်လည်ချိန်ဆဆောင်ရွက်နိုင်ရန် အခွင့်အလမ်းရရှိစေမည်ဖြစ်သည်။ ထိုသို့လက်နက်ပူးတွဲ ထုတ်လုပ်မှုစာချုပ်လက်မှတ်ရေးထိုးနိုင်ခြင်းသည် ထောက်ပံ့ရေးကွင်းဆက်လိုအပ်နေသော နှစ်နိုင်ငံစလုံးအတွက် စစ်ဘက်ဆိုင်ရာဂုဏ်သိက္ခာမှသည် စီးပွားရေးနှင့် သံခင်းတမန်ခင်းတို့ကို ပြောင်းလဲဖော်ဆောင်လာစေနိုင်မည်ဖြစ်သည်။

T-14 တင့်ကားပူးတွဲထုတ်လုပ်ရေးနောက်ကွယ်၌ နက်ရှိုင်းသည့်အမှန်တရားရှိနေသည်။ တင့်ကားထုတ်လုပ်မှုသာမဟုတ်ဘဲ အင်အားကြီး နှစ်နိုင်ငံစလုံးသည် ပြောင်းလဲလာသော ကမ္ဘာကြီး၌ ကိုယ့်နည်းကိုယ့်ဟန် ကိုယ်ပိုင်လမ်းကြောင်းဖြင့် ရှောက်လှမ်းနိုင်မည်ဖြစ်သည်။ အနာဂတ်စစ်ပွဲကို အာရုံခံကိရိယာများ၊ ဒုံးကျည်များနှင့် ဒရုန်းများဖြင့် ပုံဖော်တည်ဆောက်သွားမည်ဖြစ်သော်လည်း မျိုးဆက်သစ်တင့်ကားများသည်လည်း အရေးပါလျက်ရှိကြောင်းကို အိန္ဒိယက သိရှိထားပြီးဖြစ်သည်။

အိန္ဒိယအနေဖြင့် T-14 တင့်ကားပူးတွဲထုတ်လုပ်မည့်အစီအစဉ်ကို လက်မှတ်ထိုးသွားမလားဆိုသောအချက်ကို စောင့်ကြည့်သွားရဦးမည်ဖြစ်သည်။ နိုင်ငံရေးပိုင်းဆိုင်ရာ ဆွေးနွေးမှုများကိုလည်း ဖြတ်ကျော်သွားရဦးမည်ဖြစ်သည်။ နည်းဗျူဟာဆိုင်ရာအသေးစိတ်အချက်အလက်များနှင့် ဝယ်ယူရေးအချိန်ကာလသတ်မှတ်ချက်များကိုလည်း ညှိနှိုင်းဆောင်ရွက်သွားရဦးမည်ဖြစ်သည်။ T-14 တင့်ကားသည် အိန္ဒိယသံချပ်ကာတပ်ဖွဲ့များ၌ အဓိကလက်နက်အဖြစ် ရပ်တည်လာနိုင်မည်မဟုတ်ဘဲ အိန္ဒိယစစ်လက်နက် အစိတ်အပိုင်းများနှင့်ထုတ်လုပ်သည့် ရုရှားတင့်ကားထုတ်လုပ်မှု အစီအစဉ်အဖြစ်သာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ T-14 တင့်ကား ထုတ်လုပ်မှုစာချုပ် အပြီးသတ်ချုပ်ဆို နိုင်မည်ဆိုလျှင် ရုရှားနှင့် အိန္ဒိယနိုင်ငံတို့သည် ပြောင်းလဲလာသော ကမ္ဘာ့အခင်းအကျင်း၌ မတူကွဲပြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိကြောင်းကို သက်သေပြသသွားလိမ့်မည်ဖြစ်ပေသည်။

❖ T-14 တင့်ကားသည် ရုရှား၏အခရာကျသော မျိုးဆက်သစ်စနစ်ဖြစ်ပြီး ရုရှား၏သံချပ်ကာစွမ်းဆောင်ရည်များ ပြန်လည်မြှင့်တင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ အကြီးမားဆုံး ဆန်းသစ်တီထွင်ထုတ်လုပ်မှုသည် မောင်းသူမဲ့ဆုံလည်နှင့် သံချပ်ကာယာဉ်အတွင်းရှိစစ်သည်သုံးဦးကထိန်းချုပ်သည့် ကိရိယာများပါရှိသည်။ အဆိုပါနည်းပညာသည် ယာဉ်မောင်းစစ်သည်များ တာဝန်ထမ်းဆောင်မှုနှင့် အသက်ရှင်ကြွင်းကျန်မှုတို့ မြင့်မားစေမည်ဖြစ်သည်။ အဆိုပါနည်းပညာသည် ယာဉ်မောင်းစစ်သည်များ တာဝန်ထမ်းဆောင်မှုနှင့် အသက်ရှင်ကြွင်းကျန်မှုတို့ မြင့်မားစေမည်ဖြစ်သည်။❖

ကိုးကား

- Tanks and Interests : Why Russia and India May Build the Future of Armor Together by The Diplomat.

ဥရောပဇုန်ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ စပိန်အသင်း၊ လူဇင်ဘတ်အသင်း၊ ပိုလန်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L

တနင်္ဂနွေနေ့ညမှာလဲ ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကို တွေ့ရမှာပါ။ တနင်္ဂနွေနေ့ညမှာတော့ ခြေစစ်ပွဲအုပ်စု (A)၊ အုပ်စု (E)၊ အုပ်စု (G)၊ အုပ်စု(J)ပွဲစဉ်တွေကစားမှာဖြစ်ပြီး အဲဒီထဲက ပရိသတ်စိတ်ဝင်စားမှုအားကောင်းတဲ့ ခြေရည်တူအသင်းတွေကိုသာ အဓိကထားချဉ်းကပ်သွားမှာဖြစ်ပါတယ်။ လက်ရှိမှာ အိမ်ရှင်အသင်းတွေနဲ့ ကလပ်အသင်းတွေမှာ ခြေစွမ်းပြသနေတဲ့ ကစားသမားတွေ စုဖွဲ့ထားတဲ့အသင်းက အသာရလေ့ရှိနေတာကြောင့် ဒီတစ်ပတ်တနင်္ဂနွေနေ့ည ပွဲစဉ်တွေမှာလဲ စုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းတွေကိုသာ ရွေးချယ်သွားမှာဖြစ်ပါတယ်။

စပိန်အသင်းအနိုင်ရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အကြိုက်တွေ့မိတာကတော့ တူကီယဲအသင်းနဲ့ စပိန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ တူကီယဲအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ၁၉၅၄ ခုနှစ်နဲ့ ၂၀၀၂ ခုနှစ်တွေမှာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ၂၀၀၂ ခုနှစ်မှာတော့ တတိယဆု ရရှိခဲ့တာကိုတွေ့ရမှာပါ။ ကျန်နှစ်တွေမှာတော့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိတာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ တူကီယဲအသင်းဟာ အဒါဂူလာ၊ ရဲလ်ဒိဇ်၊ ကယ်ဟာနိုဂလူ၊ ရဲလ်မက်ဇ်၊ ဒီမီရယ်တို့လို ကစားသမားကောင်းတွေ ပေါ်ထွက်လာတာကြောင့် ကစားပုံတိုးတက်လာတာကို သတိပြုရမှာပါ။ သူတို့အသင်းကတော့ စပိန်၊ ဂျော်ဂျီယာ၊ ဘူလ်ဂေးရီးယားတို့နဲ့ ကစားရတာကြောင့် အုပ်စုက ကျော်ဖြတ်နိုင်ဖို့ဆို အခုစပိန်နဲ့ပွဲမှာ ရမှတ်ရှာဖွေမှ ဖြစ်မှာပါ။ ပြီးခဲ့တဲ့ အဖွင့်ပွဲမှာတော့ ဂျော်ဂျီယာအသင်းကို အဝေးကွင်းမှာ ကစားရပေမဲ့ တန်ပြန်တိုက်စစ်ကောင်းတာကြောင့် ဂိုးပေါက်ခြိမ်းခြောက်မှု သုံးကြိမ်မှာ သုံးဂိုးရခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ကစားပုံကြမ်းခဲ့လို့ တစ်ယောက်လျှော့နဲ့ ကစားခဲ့ရပြီး နှစ်ဂိုးပြန်ပေးလိုက်ရတဲ့ ခံစစ်ပိုင်းကတော့ အားနည်းချက်ရှိနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့်သူတို့အသင်း ခံစစ်ပိုင်းအနေနဲ့ စပိန်အသင်းလို လျင်မြန်မှုကောင်းတဲ့ တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်မှာပါ။

စပိန်အသင်းဟာ အခုအုပ်စုမှာ ခြေစွမ်းပိုင်းနဲ့ စုဖွဲ့မှု အကောင်းဆုံးအသင်းဖြစ်တာကြောင့် ခြေစစ်ပွဲအောင်မြင်ဖို့ သေချာတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆုဖလားရရှိပြီး ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် နောက်ပိုင်းပြိုင်ပွဲတွေမှာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားမှာတော့ ၁၆ သင်းအဆင့်မှာ မော်ရိုကိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ရှုံးခဲ့လို့ ပြိုင်ပွဲကထွက်ခဲ့ရပါတယ်။ အဲဒီပြိုင်ပွဲနောက်ပိုင်းမှာတော့ ယူရိုခြေစစ်ပွဲမှာ စကော့တလန်အသင်းကိုသာ ပွဲချိန်အတွင်းရှုံးခဲ့တာဖြစ်ပြီး ကျန်ပွဲစဉ်တွေမှာတော့ ရှုံးပွဲမရှိခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ နည်းပြ ဒီလာဖူအန်တီ လက်အောက်မှာတော့ ယာမယ်၊ နစ်ကိုးဝီလျံ၊ အိုရာဇာဘယ်တို့လို ကစားသမားကောင်းတွေရဲ့ ခြေစွမ်းပြသမှုကြောင့် ၂၀၂၄ ယူရိုချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ အသင်းတိုက်စစ်ကို ယာမယ်၊ အိုရာဇာဘယ်၊ နစ်ကိုးဝီလျံတို့ ဦးဆောင်လာသလို ခံစစ်မှာလဲ ကူကူရယ်လာ၊ ဟူအီဆန်၊ နော်မန်း၊ ပိုရိုတို့လို ကစားသမားတွေ ရှိနေတာကြောင့် တူကီယဲအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်လို့ စပိန်အသင်းပဲ အနိုင်ရမှာပါ။

တူကီယဲအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

တူကီယဲ	၃	-	၁	ဟန်ဂေရီ
ဟန်ဂေရီ	၀	-	၃	တူကီယဲ
အမေရိကန်	၁	-	၂	တူကီယဲ
မက္ကဆီကို	၁	-	၀	တူကီယဲ
ဂျော်ဂျီယာ	၂	-	၃	တူကီယဲ

စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

နယ်သာလန်	၂	-	၂	စပိန်
စပိန်	၃	-	၃	နယ်သာလန်
စပိန်	၅	-	၄	ပြင်သစ်
ပေါ်တူဂီ	၂	-	၂	စပိန်
ဘူလ်ဂေးရီးယား	၀	-	၃	စပိန်

လူဇင်ဘတ်အသင်းနဲ့လက်တွဲရမှာပါ

ဥရောပဇုန်ခြေစစ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့တာကတော့ လူဇင်ဘတ်အသင်းနဲ့ ဆလိုဗက်ကီးယားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အုပ်စု (A) မှာ ဂျာမနီ၊ မြောက်အိုင်ယာလန်အသင်းတို့နဲ့ ကစားရတာကို တွေ့ရမှာပါ။ လူဇင်ဘတ်အသင်းကတော့ ကမ္ဘာ့အဆင့် (၉၂) မှာရှိနေတဲ့အသင်းဖြစ်လို့ ဆလိုဗက်ကီးယားနဲ့ယှဉ်ရင် ဘောလုံးအဆင့်အတန်းကွာခြားနေတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ဥရောပကလပ်အသင်းငယ်တွေမှာ ကစားနေတဲ့ကစားသမားတွေနဲ့ စုဖွဲ့ထားပေမဲ့ အိမ်ကွင်းကစားပုံကတော့ တည်ငြိမ်မှုရှိနေတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းလေးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ဆွီဒင်အသင်းကို နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒါကြောင့် လူဇင်ဘတ်အိမ်ကွင်းကစားပုံဟာ ခြေရည်တူအသင်းတွေအတွက် ရမှတ်ရှာဖွေဖို့ ခက်ခဲလေ့ရှိပြီး အိမ်ကွင်းမှာ ဆွီဒင်နဲ့ပွဲစဉ်က ခြေစွမ်းမျိုးကစားနိုင်ရင်တော့ အနည်းဆုံးရမှတ်ခွဲယူနိုင်မှာ ဖြစ်ပါတယ်။

ဆလိုဗက်ကီးယားအသင်းကတော့ အခုအုပ်စုမှာ စပိန်အသင်းပြီးရင် ဒုတိယမြောက် ခြေစွမ်းပိုင်းအကောင်းဆုံး အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာလဲ ဂျာမနီအသင်းလို တိုက်စစ်အားကောင်းတဲ့ အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခဲ့တာကြောင့် နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းကလဲ ဥရောပကလပ်အသင်းငယ်က ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲဆက်မှာ တစ်ပွဲသာနိုင်ပွဲရခဲ့တာကြောင့် ယုံကြည်မှုပိုင်းပျောက်ဆုံးနေတာကို သတိပြုရမှာပါ။ ဆလိုဗက်ကီးယားအသင်းဟာ ချက်ကို ဆလိုဗက်ကီးယားက ခွဲထွက်ပြီးနောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၂၀၁၀ ပြည့်နှစ်ကသာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ၁၆ သင်းရှုံးထွက်အဆင့်ထိ ရောက်ရှိခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိတော့တာကို တွေ့ရမှာပါ။ လက်ရှိနည်းပြကယ်ဇိုနာ လက်အောက်မှာတော့ အသင်းလိုက်ကစားအားကောင်းလာတာကြောင့် ပြီးခဲ့တဲ့ ယူရိုပြိုင်ပွဲမှာလဲ ၁၆ သင်းအဆင့်ထိ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကယ်ဇိုနာလက်ထက် အဝေးကွင်းပွဲစဉ်တွေမှာတော့ ခံစစ်ပိုင်းအားနည်းချက်ကိုမပြင်နိုင်ဘဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် အခုပွဲမှာ ရမှတ်ရှာဖို့ခက်နိုင်ပါတယ်။ အကျော်ပေးမှုကလဲ ဆလိုဗက်ကီးယားက သရေရလဒ်ဆို အပြည့်ဆုံးရှုံးမဲ့ အခြေအနေက အိမ်ရှင်ရဲ့ခြေစွမ်းပိုင်းကို လျှော့မတွက်ရဲတာဖြစ်လို့ အခုပွဲမှာ လူဇင်ဘတ်အသင်းနဲ့လက်တွဲရမှာပါ။

လူဇင်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လူဇင်ဘတ်	၁	-	၀	ဆွီဒင်
ဆွစ်ဇာလန်	၃	-	၁	လူဇင်ဘတ်
လူဇင်ဘတ်	၀	-	၁	ဆလိုဗေးနီးယား
လူဇင်ဘတ်	၀	-	၀	အိုင်ယာလန်
လူဇင်ဘတ်	၁	-	၃	မြောက်အိုင်ယာလန်

ဆလိုဗက်ကီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဆလိုဗက်ကီးယား	၀	-	၀	ဆလိုဗေးနီးယား
ဆလိုဗေးနီးယား	၁	-	၀	ဆလိုဗက်ကီးယား
ဂရိ	၄	-	၁	ဆလိုဗက်ကီးယား
အစ္စရေး	၁	-	၀	ဆလိုဗက်ကီးယား
ဆလိုဗက်ကီးယား	၂	-	၀	ဂျာမနီ

ပိုလန်အသင်းကို ရွေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ခြေစစ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့တာကတော့ ပိုလန်အသင်းနဲ့ ဖင်လန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပိုလန်အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ခြေစစ်ပွဲကိုးကြိမ်အောင်မြင်ခဲ့ရာမှာ တတိယဆု နှစ်ကြိမ်ရရှိခဲ့တာကို တွေ့ရမှာပါ။ ၂၀၀၂ ခုနှစ်ကစတင်လို့ ခြေစစ်ပွဲ လေးကြိမ်အောင်ခဲ့ပေမဲ့ အမြင့်ဆုံး ၁၆ သင်းအဆင့်ထိသာ ရောက်ခဲ့ပါတယ်။ လက်ရှိမှာတော့ သူတို့အသင်းဟာ လီဝင်ဒေါစကီး၊ ဇာလောစကီး၊ ဇီလင်စကီး၊ မက်တီကတ်၊ ကီဝီရော၊ ဘန်နာရတ်တို့လို ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာကြောင့် အခုပြိုင်ပွဲမှာ နယ်သာလန်အသင်းပြီးရင်း စုဖွဲ့မှုအကောင်းဆုံးအသင်းဖြစ်နေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြေစစ်ပွဲ လေးပွဲမှာတော့ လစ်သူရေးနီးယား၊ မော်လ်တာတို့ကိုသာ အနိုင်ရခဲ့ပြီး ဖင်လန်ကိုရှုံးထားတာကြောင့် အခုဒုတိယအကျော့မှာ ဖင်လန်အသင်းကို အနိုင်ကစားမှသာ ခြေစစ်ပွဲအောင်မြင်ဖို့ အခွင့်အရေးရမှာဖြစ်ပါတယ်။ လက်ရှိနည်းပြသစ်လက်ထက်မှာတော့ နယ်သာလန်အသင်းနဲ့ စတင်ကစားခဲ့ရပေမဲ့ ခံစစ်ကစားပုံကောင်းမွန်ခဲ့ပြီး တန်ပြန်တိုက်စစ်ထက်မြက်ခဲ့တာကြောင့် ရမှတ်ခွဲယူနိုင်ခဲ့သလို အခုပွဲမှာလဲ နည်းပြသစ်အနေနဲ့ နယ်သာလန်နဲ့ပွဲကခြေစွမ်းမျိုးပြသနိုင်ရင်တော့ ဖင်လန်အသင်းကိုပွဲချိန်ပြည့် ဖိအားပေးနိုင်မှာပါ။

ဖင်လန်အသင်းဟာ အခုပြိုင်ပွဲ အုပ်စုပွဲစဉ် လေးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကြောင့် ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးရှိနေပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့လေးပွဲမှာ လစ်သူရေးနီးယားလိုအသင်းကို အဝေးကွင်းမှာ သရေရလဒ်သာ ကစားနိုင်တဲ့ခြေစွမ်းပိုင်းက ဆိုးရွားလွန်းနေပြီး နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာ နော်ဝေအသင်းကို အဝေးကွင်းမှာ ရှုံးခဲ့တာလဲဖြစ်ပါတယ်။ ဒါကြောင့် ဖင်လန်အသင်းရဲ့ အဝေးကွင်းခံစစ်ပိုင်းက တိုက်စစ်ကောင်းတဲ့ အသင်းတွေကို ထိန်းချုပ်ဖို့ခက်နေတာကြောင့် လီဝင်ဒေါစကီးလို အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ အခက်တွေ့မှာပါ။ သူတို့အသင်းကတော့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ တစ်ကြိမ်မှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိတာကြောင့် ပိုလန်အသင်းနဲ့ယှဉ်ရင် အတွေ့အကြုံပိုင်းအားနည်းချက်ရှိနေသလို စုဖွဲ့မှုမှာလဲ အားနည်းချက်ရှိနေတာကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းမှာရမှတ် အပြည့်ရယူဖို့ ကြိုးစားလာမဲ့ ပိုလန်အသင်းကို ရွေးရမှာပါ။

ပိုလန်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်

ပိုလန်	၁	-	၂	စကော့တလန်
ပိုလန်	၁	-	၀	လစ်သူရေးနီးယား
ပိုလန်	၂	-	၀	မော်လ်တာ
ပိုလန်	၂	-	၀	အန်ဒိုရာ
ဖင်လန်	၂	-	၁	ပိုလန်

ဖင်လန်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်

မော်လ်တာ	၀	-	၁	ဖင်လန်
လစ်သူရေးနီးယား	၂	-	၂	ဖင်လန်
ဖင်လန်	၀	-	၂	နယ်သာလန်
ဖင်လန်	၂	-	၁	ပိုလန်
နော်ဝေ	၁	-	၀	ဖင်လန်

ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ မေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal(www.myanmar.gov.mm/documents)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၀၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကလေး၀ စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၀၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ထံမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၈၆၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၀၄၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မိုးစပါး ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးစပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

သာပေါင်းမြို့နယ်တွင် ကွမ်းသီးခြောက်များ အရောင်းအ၀ယ်ကောင်းမွန်နေ

သာပေါင်း စက်တင်ဘာ ၅

ဧရာ၀တီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ကွမ်းသီးခြောက်များ အရောင်းအ၀ယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ်မှ ကွမ်းသီးရောင်း၀ယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် သြဂုတ်လတတိယပတ်မှ ယနေ့ထိ ကွမ်းသီးခြောက်များ ၀ယ်ယူမှုအားကောင်းပြီး အရောင်းအ၀ယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှကွမ်းသီးခြောက် တစ်ပိဿာ လျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က ၀ယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်ကနေ ထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ကွမ်းသီးခြောက်တွေက ရှားလာပါပြီ။ ဒါကြောင့် ကွမ်းသီးခြောက်တွေ အ၀ယ်လိုက်နေတာဖြစ်ပါတယ်။ ကွမ်းသီးခြောက်တွေက အခုအချိန်မှာ အရောင်းအ၀ယ် အဖြစ်ဆုံးပါ။ ကွမ်းသီးအရောင်းအ၀ယ်ကောင်းလာတော့ စိုက်ပျိုးသူတွေ၊ လုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ သာပေါင်းမြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်'' ဟု သာပေါင်းမြို့နယ်မှ ကွမ်းသီးရောင်း၀ယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ကွမ်းသီးရောင်း၀ယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းသီးစိမ်းများကို၀ယ်ယူပြီး ရောင်းတမ်း၀င်သည့် အနေအထားထိအခြောက်ခံကာ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ကွမ်းသီးခြောက်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

စာအုပ်စာပေ လူမှီတ်ဆွေ

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်ဖဖလမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၃၆

သဘာဝအဖတ်မှီ အရသာထူး မိတ်ရှင်ကြည်နူး ....

(ASEAN-OSHNET AWARD) ဆု၏ BEST Practices Award လက်မှတ်သည် ရွှေပန်း

ရွှေဧရာ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်ဖဖလမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်ညိုညို

အသက် (၈၇)နှစ်

ကန့်ဘလူမြို့နယ်၊ တောကျွန်ရုပ်ကျေးရွာနေ (ဦးစွန်-ဒေါ်လှရင်း) တို့၏သမီး၊ ကန့်ဘလူမြို့နေ ဦးဌေးညွန့်၏အစ်မ၊ ကွယ်လွန်သူ ဦးစိန်မောင်၏ဇနီး၊ ဦးစိန်မျိုးအောင်-(ဒေါ်မာလာသိန်း)၊ ဒေါ်အေးအေးစိန်၊ ဒေါ်ခင်ပန်းလှိုင်၊ ဒေါ်အေးအေးနိုင်၊ ဦးစိန်မြတ်အောင်-ဒေါ်စန်းစန်းဝင်း၊ ဒေါ်အေးအေးခိုင်၊ (ဦးစိန်မြတ်ထွဏ်း)-ဒေါ်တင်မေထိုက်၊ ဦးစိန်ရဲထွဏ်း-ဒေါ်ပိုပိုအောင်တို့၏မိခင်၊ မြေး(၈)ဦး၊ မြစ် (၁)ဦးတို့၏အဘွားသည် (၅-၉-၂၀၂၅)(သောကြာနေ့) နံနက် ၈ နာရီတွင် (၉ဖ)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၇-၉-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုဿာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ **(အမှတ်-၅၉(အေ)၊ ၂၀ x ၂၁ လမ်းကြား၊ မန္တလေးမြို့ နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်)**

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး၊ ဘဏ္ဍာတော်ပိုင် ပဌမတိုက်တန်း ဆိုင်ခန်းအမှတ်(၁ခ)သည် ဒေါ်တင်တင် အမည်ပေါက်ပါသည်။ ဒေါ်တင်တင်မှာ ၃-၁၀-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားသဖြင့် ဦးဆန်းဦး + ဒေါ်ညိုမာအောင်တို့မှ ၁၁-၈-၂၀၂၅ ရက်နေ့တွင် မဟာမုနိဂေါပကအဖွဲ့ထံ ဆိုင်ခန်းမှတ်ပုံတင်အမည်ပြောင်းလျှောက်ထားလာပါသည်။ သို့ဖြစ်ပါသောကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ သတင်းစာပါသည့်နေ့မှစပြီး (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် မဟာမုနိဘုရားကြီးဂေါပကရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ရုံးအဖွဲ့မှူး
မဟာမုနိဂေါပကအဖွဲ့ရုံး
မန္တလေးမြို့

အမည်မှန်

ဖယ်ခုံမြို့၊ ဈေးနောက်ရပ်ကွက်နေ ဒေါ်မြဝင်း(၉/တသန(နိုင်)၀၁၅၇၁၆)၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်မြမြဝင်းဖြစ်ပါကြောင်း။

ဒေါ်မြမြဝင်း(၉/တသန(နိုင်)၀၁၅၇၁၆)

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး၊ ဘဏ္ဍာတော်ပိုင် ပထမတိုက်တန်း ဆိုင်ခန်းအမှတ်(၁)သည် ဒေါ်အေးတင် အမည်ပေါက်ပြီး ဒေါ်အေးတင်မှာ ၆-၁၁-၂၀၂၁ ရက်နေ့၌ ကွယ်လွန်သွားသဖြင့် (သား)ဖြစ်သူ ဦးဝင်းနိုင်မှ ၂၉-၈-၂၀၂၅ ရက်နေ့တွင် မဟာမုနိဂေါပကအဖွဲ့ထံ ဆိုင်ခန်းမှတ်ပုံတင် အမည်ပြောင်းလျှောက်ထားလာပါသည်။ သို့ဖြစ်ပါသောကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ သတင်းစာပါသည့်နေ့မှစပြီး (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် မဟာမုနိဘုရားကြီးဂေါပကရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ရုံးအဖွဲ့မှူး
မဟာမုနိဂေါပကအဖွဲ့ရုံး
မန္တလေးမြို့

ဖခင်အမည်မှန်

မလှိုင်မြို့၊ အထကမြို့သစ်၊ Grade-12 တွင် ပညာသင်ကြားနေသော မချစ်စနိုးဇော်ဖခင် အမည်မှန်မှာ ဦးမောင်မောင်နိုင် ဖြစ်ပါကြောင်း။

ဦးမောင်မောင်နိုင်
(၇/ထတပ(နိုင်)၀၆၁၂၃)

အဖိုးတန်ရေချိုကို ချွေတာပါ

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာနေ၊ အထက-ပုသိမ်ကြီး၊ Grade -11 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကျော်စိုး၏သမီး မအိအဲနော်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိရဲနော်ဖြစ်ပါကြောင်း။ **မအိရဲနော်**

❖ တိုင်းပြည် တစ်ပြည် တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များပျိုးထောင်နိုင်ရေးအတွက် လူတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်ပညာသင်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီချမ်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချမ်ပြည်နယ် ချန်ဒူးမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စီချမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiao-hui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ

စာမျက်နှာ ၁၈ ကော်လံ ၄ ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီချမ်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာ ပြင်ဆင်သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အဏ္ဏဝါနေရင်းဒေသများကို ကာကွယ်နိုင်ရန်၊ လန်ပိကျွန်းမကြီးနှင့် ၎င်း၏ အရန်ကျွန်းငယ် ၂၆ ကျွန်း၏ ပတ်ဝန်းကျင်ရှိ အဏ္ဏဝါဂေဟာစနစ်နှင့် ကမ်းရိုးတန်းဂေဟာစနစ်ရေရှည်တည်တံ့စေရန်၊ အဏ္ဏဝါမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရန်နှင့် အဏ္ဏဝါသယံဇာတများ

စာမျက်နှာ ၂၂ ကော်လံ ၁ ❖